ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၉ ရက်၊ ကြာသပတေးနေ့၊ (12-6-2008) (၅၇၀၇)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　ဇွန်　　၁၂

၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ အနှစ်(၁၁၀)ပြည့် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာမာကာပါဂဲလ် အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　ဇွန်　　၁၂

၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဒီမီထရီ မက်ဗီဒက်(ဗ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇွန်　　၁၂

၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ အနှစ်(၁၁၀)ပြည့် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာကာပါဂဲလ် အာရိုယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇွန်　　၁၂

၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဗလာဒီမာ၊ ဗီပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ကျိုင်းတုံမြို့ (၂၀၀၇-၂၀၀၈)ခုနှစ်နွေစပါး ကွင်းပိတ် ရိတ်သိမ်းပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကျိုင်းတုံမြို့ နွေစပါး ကွင်းပိတ်ရိတ်သိမ်းပွဲ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်ချီးမြှင့်
တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းကောင်းမွန်လာရေး၊ လေလွင့်မှုနည်းပါးရေး မှာကြား

နေပြည်တော်　　ဇွန်　　၁၁

ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက် ၈ နာရီတွင် ကျိုင်းတုံမြို့ ကွင်းအမှတ် (၂၅)၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါးကွင်းပိတ်ရိတ်သိမ်းပွဲသို့ တက်ရောက်ချီးမြှင့် အားပေးသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ

ဦးအောင်ခင်ကပြည်နယ်အတွင်း ၂၀၀၇-၂၀၀၈ ခုနှစ် နွေစပါး

ရိတ်သိမ်းပြီးစီးမှုနှင့် နှစ်အလိုက် နွေစပါး စိုက်ပျိုးရေးတိုးတက်မှု

အခြေအနေ၊ နွေစပါးအထွက်နှုန်းကောင်းသည့် တောင်သူ

များအား ဆုချီးမြှင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

ကြေးမုံ The Mirror ဆောင်းပါးအညွှန်း

ချစ်နိုင် (စိတ်ပညာ) ၏

“လက်ရုံးများမြောင်၊ ဉာဏ်များမြောင်ဖြင့်”

(ဆောင်းပါး)　စာမျက်နှာ - ၆

အတည်ပြုဖောင် ၂း၂၀

ကြေးမုံ
The Mirror
၁၂-၆-၂၀၀၈
(ကြာသပတေးနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြို့ပြကျေးရွာများ ပြန်လည်တည်ဆောက်ရေး ဦးစားပေးအဆင့်အလိုက် ပြုပြင်ဖော်ဆောင်

ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းရှိ မြို့နယ်အချို့တို့၌ ဆိုင်ကလုန်းမုန်တိုင်းဒဏ် အပြင်းအထန် ခံစားခဲ့ကြရသဖြင့် လူနေအိမ်ခြေ အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသော်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာနှင့် ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ၏ လူအား၊ ငွေကြေး၊ ပစ္စည်း ပံ့ပိုးကူညီမှုအားများဖြင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် လုပ်ကိုင်နေကြပြီဖြစ်သည်။

နိုင်ငံတော်အပိုင်းကလေဘေးသင့်ဒေသများ၌ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြို့ပြကျေးရွာများ၌ သာသနိကအဆောက်အအုံ၊ ဆေးရုံ၊ စာသင်ကျောင်း၊ ဌာနဆိုင် ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပြည်သူများက ဦးစားပေးအဆင့်အလိုက် ပြုပြင်တည်ဆောက်လျက်ရှိကြသည်။

မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဘိုကလေးမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံသားကုမ္ပဏီများ၊ ပြည်တွင်းပြည်ပမှ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများက အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍ၌ မြို့ပေါ်ရှိ စာသင်ကျောင်း ၁၅ ကျောင်းနှင့် ကျေးရွာ ၄၈ ရွာရှိ စာသင်ကျောင်း ၄၈ ကျောင်းတို့ကို ယခုနှစ် ပညာသင်နှစ်အမီ ပြုပြင်မွမ်းမံတည်ဆောက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုနည်းတူ ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံပြန်လည်ပြုပြင်မှုလုပ်ငန်းများ ပြီးစီးသွား၍ ခုတင်၊ လေအေးပေးစက်၊ အောက်စီဂျင်ထုတ်စက် စသည့် ဆေးရုံသုံးပစ္စည်းများနှင့် ဆေးဝါးများကို လှူဒါန်းလျက်ရှိရာ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်လျက်ရှိသည်။

ယခုအခါ လေဘေးသင့်ဒေသမှ ပြည်သူများအနေဖြင့် ယင်းတို့၏ ဆန္ဒနှင့်အညီ မူလနေရပ်ဒေသများ၌ ပြန်လည်နေထိုင်ရာတွင် နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးစသည့် အခြေခံလိုအပ်ချက်များ ပြည့်စုံစေရေးအတွက် ဒေသဆိုင်ရာ အဖွဲ့အစည်းများက ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် မုန်တိုင်းဒဏ်ခံဒေသများ၌ မိုးရာသီတွင် ကျရောက်တတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အဆုတ်ရောင်ရောဂါနှင့် အခြားကျန်းမာရေးဆိုင်ရာပြဿနာများ မဖြစ်ပွားစေရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေးနှင့် မြို့ပြ၊ ကျေးရွာပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့အားဖြင့် အလေးထား ဆောင်ရွက်နေကြပြီဖြစ်သည်။

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သော ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအား၊ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ သဒ္ဓါထက်သန်သော လှူဒါန်းမှုအားတို့ဖြင့် ခရိုင်၊ မြို့နယ်မှသည် ဒေသတွင်း အစွန်အဖျားနေရာများအထိ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိရာ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်တိုးတက် မြင့်မားလာမည် ဖြစ်ပါသည်။ ။

လေဘေးသင့်ပြည်သူများအား မီဒီယာလုပ်ငန်းရှင်များက ငွေကျပ်သိန်း ၅၀လှူဒါန်း

ရန်ကုန် ဇွန် ၁၁

လေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေးနှင့် ပြန်လည်တည်ဆောက်ပေးရေးတို့အတွက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၅၀ ကို ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယဥက္ကဋ္ဌဦးတင်ခ (တက္ကသိုလ်တင်ခ)၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး(ဒေါက်တာတင်ထွန်းဦး)၊ တွဲဖက်အတွင်းရေးမှူး ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)တို့က ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက လက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းထံ လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ကြီးကြပ်သော ပြင်ပပုဂ္ဂလိက မီဒီယာလုပ်ငန်းရှင်များက အလှူငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံဆေးအဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇွန် ၁၁

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ ဆေးအကာအကွယ်ပေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr. Kanai Kaname နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ Councellor, Mr. Suzuka Mitsuji နှင့် JICA အဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. Umezaki Michiko တို့နှင့်အတူ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ ယာယီကွပ်ကဲမှုရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က လေဘေးသင့်ဒေသသို့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လာရောက်ကူညီဆောင်ရွက်ပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံ

ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ဂျပန်နိုင်ငံ ဆေးအကာအကွယ်ပေးရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr. Kanai Kaname နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။
(ကျန်းမာရေး)

လေဘေးသင့် ဘုန်းတော်ကြီးကျောင်းနှင့် မူလတန်းကျောင်းခွဲ ပြန်လည်တည်ဆောက်ရေး လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၁

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမာမြို့နယ် အေရာကျေးရွာအုပ်စု ဝါးတောကုန်းကျေးရွာရှိ သာသနာလင်္ကာရ ရွှေကျောင်း ဘုန်းတော်ကြီးကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းခွဲတို့သည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရာ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ် (ပဓာနနာယက)ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရဋ္ဌသာရ ဆရာတော်ကြီးနှင့် တောင်ကုတ်မြို့နယ် သံဃနာယက အဖွဲ့ဝင် ဆရာတော်များမှ သင်္ကန်း၊ ဆေးဝါးပစ္စည်းမျိုးစုံနှင့် ရန်ကုန်မြို့ ၃၈ လမ်းနေ Dr.မောင်မောင်ဦး-ဒေါ်အေးအေးမြင့် (Asia Express Co.,Ltd) မိသားစုက စာရေးကိရိယာမျိုးစုံ ကျပ်တစ်သိန်းခွဲကျော် လှူဒါန်းခဲ့ကြသည်။ ရပ်ဝေး၊ ရပ်နီးမှ သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့ အနေဖြင့် ငွေကြေးပစ္စည်း လှူဒါန်းလိုပါက ဘဒ္ဒန္တရဋ္ဌသာရ (ပဓာနနာယက) မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်ဖုန်း-၀၁-၃၉၂၅၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မဟာသမယအခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဇွန် ၁၁

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ပထမအကြိမ် မဟာသမယအခါတော်နေ့ကို စေတီတော်ကြီး၏ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူ၍ ဂေါပကအဖွဲ့ကကြီးမှူးကာ ဝတ်အဖွဲ့ဝင်များဖြင့် (၁၃၇၀ ပြည့်နှစ် နယုန်လပြည့်နေ့) ဇွန် ၁၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှစ၍ ရင်ပြင်တော်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၁

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိရာ ကုလသမဂ္ဂ ရန်ပုံငွေအဖွဲ့ (UNICEF) မှ လှူဒါန်းသော မိုးကာတဲများ၊ ရေသန့်ဘူးများ၊ ရေသန့်ဆေးပြားများ၊ အရေးပေါ် အစားအစာများ၊ ရွက်ဖျင်တဲများ၊ နို့မှုန့်များ စုစုပေါင်း ၉၈ ဒသမ ၄၂ တန်သည် C-130 လေယာဉ်နှစ်စင်း၊ IL-76 လေယာဉ်နှစ်စင်းနှင့် AN-12 လေယာဉ်တစ်စင်းတို့ဖြင့် ဇွန် ၁၀ ရက် နံနက် ၉ နာရီ၊ မွန်းလွဲ ၁ နာရီ မိနစ် ၅၀၊ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်၊ ညနေ ၄ နာရီခွဲနှင့် ညနေ ၅ နာရီခွဲတို့တွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ လှူဒါန်းသော ကလေးအစားအစာများ စုစုပေါင်း ၃၈ တန်သည်IL-76 လေယာဉ်ဖြင့် နံနက်၁၀ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရမှ လှူဒါန်းသော ဆန်ပြုတ်ထုပ်များ၊ ပြောင်းဆန်များ၊ ရေသန့်များ၊ အစားအစာများ စုစုပေါင်း ၂၀ ဒသမ ၀၃၈တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက် ၁၁ နာရီ ၂၅ မိနစ်နှင့် နံနက် ၁၁ နာရီ ၄၅ မိနစ်တို့တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ လှူဒါန်းသော စည်သွတ်ဘူးများ၊ ဆပ်ပြာများ၊ နို့များ၊ ပဲနို့များ စုစုပေါင်း ၉ ဒသမ ၅ တန်သည် C-130 လေယာဉ်ဖြင့် မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

(သတင်းစဉ်)

မည်သူမဆို စနစ်တကျရှိသော လှူဒါန်းမှုမျိုးဖြင့် မည်သည့်ဒေသတွင်မဆို လှူဒါန်းနိုင်ကြောင်း နယ်သာလန်အဖွဲ့က ဆက်လက် သတင်းဖြန့်ဝေပေးသွားမည်

သတင်းဆောင်းပါး-မျိုးညွန့်(ကြေးမုံ)၊ ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ကျွန်တော်တို့ ကြေးမုံသတင်းအဖွဲ့သည် ဇွန် ၆ရက်တွင် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်သို့ သွားရောက်၍ လေဘေးသင့်ဒေသများ၏ အခြေအနေမှန်များကို ပြည်သူများထံ တင်ပြနိုင်ရန် ရောက်ရှိခဲ့သည်။

ဇွန် ၈ ရက် နံနက်ပိုင်းတွင် ကျွန်တော်တို့အဖွဲ့သည် လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စု ပြန်လည်ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လေ့လာရန် လပွတ္တာမြို့ ဆိပ်ကမ်းကွပ်ကဲရေးစခန်းသို့ ရောက်ရှိပြီး ရေယာဉ်ဖြင့်ထွက်ခွာရန် စောင့်ဆိုင်းနေစဉ် လေဘေးသင့် ပြည်သူများအတွက် စိုက်ပျိုးရေးသုံး ပစ္စည်းများ လှူဒါန်းရန် အောင်တံခွန်ဝေရေယာဉ် ဆိုက်ကပ်လာသည်ဟု သတင်းရရှိ၍ ယင်းရေယာဉ်ဆီသို့ ရောက်ရှိခဲ့သည်။

ယင်းရေယာဉ်ပေါ်တွင် နိုင်ငံခြားသား သုံးဦးနှင့် မြန်မာတစ်ဦး လိုက်ပါလာပြီး ၎င်းတို့ကို တွေ့ဆုံမေးမြန်းခဲ့ရာ အလှူရှင်မှာ နယ်သာလန်နိုင်ငံ Consortium of Dutch NGO'S အဖွဲ့မှဖြစ်ပြီး လပွတ္တာမြို့နယ် စလူဆိပ်နှင့် လွှစာကျေးရွာတို့သို့ သွားရောက်လှူဒါန်းရန် လက်တွန်းထွန်စက် အစီး ၅၀ နှင့် ရွက်ဖျင်တဲ ၁၆၄လုံး ပါရှိလာကြောင်း သိရသည်။

> **ဧရာဝတီတိုင်း လပွတ္တာမြို့နယ် စလူဆိပ်နှင့် လွှစာကျေးရွာတို့ရှိ လေဘေးသင့်ပြည်သူများ လယ်ယာလုပ်ငန်းများ၌ အသုံးပြုရန် နယ်သာလန်နိုင်ငံမှ လှူဒါန်းမည့် လက်တွန်းထွန်စက်များ အောင်တံခွန်ဝေ သင်္ဘောပေါ်၌ တွေ့ရစဉ်။**

ထို့နောက် အဖွဲ့ခေါင်းဆောင် Mr. Simon Langbroek က မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာ မီဒီယာများက ထုတ်လွှင့်နေသည့်သတင်းများမှာ မှန်ကန်မှုမရှိသည်ကို လက်တွေ့သိရှိရပြီဖြစ်ပါကြောင်း။

၎င်းတို့အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးစခန်းများတွင် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးနေမှုများကို ကိုယ်တိုင်ကိုယ်ကျ ကြားသိမြင်တွေ့ရသဖြင့် အားရကျေနပ်မှု ဖြစ်မိကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၎င်းတို့ ကြားသိခဲ့ရသည်များနှင့် ယခုတွေ့မြင်ရမှုများသည် တခြားစီဖြစ်နေ၍ ယခုလှူဒါန်းမည့် အစီအစဉ်အတွက် ၎င်းတို့များစွာဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း၊ ၎င်းတို့အနေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်သွယ်ပြီး တိုက်ရိုက်လှူဒါန်းမည့် အစီအစဉ်ကို တင်ပြခဲ့ရာ ခွင့်ပြုခဲ့သည့်အပြင် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၎င်းတို့အဖွဲ့အား အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ယခုလှူဒါန်းမည့်ပစ္စည်းများကို တောင်သူလယ်သမားများလက်ဝယ်ရောက်အောင်သွားရောက် ပေးအပ်ပြီး စနစ်တကျအသုံးပြုနိုင်အောင်လည်း လက်တွေ့ သရုပ်ပြသပေးမည် ဖြစ်ကြောင်း ပြောပြသည်။

ဆက်လက်၍ ၎င်းတို့အဖွဲ့အနေဖြင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းမည့်အပြင် ရေရှည်လှူဒါန်းမည့် အစီအစဉ်များလည်းရှိကြောင်း၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများအတွက် လိုအပ်သည့် ပစ္စည်းများကိုလည်း လှူဒါန်းမည်ဖြစ်သည့်အပြင် အခြားအဖွဲ့အစည်းများ ပါဝင်လှူဒါန်းနိုင်အောင် မိမိတို့အဖွဲ့က သတင်းမှန်များကို ဖြန့်ဝေ၍ တိုက်တွန်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

နယ်သာလန်နိုင်ငံ Consortiun of Dutch NGO'S အဖွဲ့သည် မွန်းလွဲပိုင်းတွင် လှူဒါန်းမည့်ပစ္စည်းများ တင်ဆောင်ထားသော အောင်တံခွန်ဝေရေယာဉ်ဖြင့် လွှစာကျေးရွာသို့ ထွက်ခွာသွားသည်။ ။

နယ်သာလန်နိုင်ငံ Consortium of Dutch NGO'S အဖွဲ့ခေါင်းဆောင် Mr. Simon Langbroek နှင့် အဖွဲ့ဝင်များ။

မုန်တိုင်းဒဏ်ကြောင့် ကွဲကွာသွားသည့် မိသားစုများ ဆက်သွယ်မှု ပြန်လည်ရရှိရေးဆောင်ရွက်မှုတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၁

လေဘေးဒဏ်ခံစားခဲ့ရသည့် ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းအတွင်းရှိ ပြည်သူ များအတွင်း မိသားစုနှင့် အဆက်အသွယ်မရ၊ သတင်းမရမှုများကို စုံစမ်း၍ ဆက်သွယ်မှုပြန်လည်ရရှိရေးဆောင်ရွက်မှု(Restoring Family Links) လုပ်ငန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (ICRC)၏ ထောက်ပံ့မှုဖြင့်ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာ တိုင်း၊ ခရိုင်၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးမှ ဝန်ထမ်းများက မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းအားဖြည့် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မိသားစုက ကွဲကွာသူထံ အကြောင်းကြားစာပုံစံနှင့် ကွဲကွာနေသူက အကြောင်းကြားစာပုံစံများကို ပြည်သူများအတွင်း ဖြန့်ဝေပေးခဲ့ရာ ဇွန် ၅ ရက်အထိ ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးများတွင် မိသားစုကွဲကွာနေသူများထံမှ အကြောင်းကြားစာ ၅၉စောင် လက်ခံရရှိခဲ့သဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန် ပေးပို့ခဲ့ပြီးဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အကပြိုင်ပွဲ
- ၇း၅၅ ၅။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၀၅ ၆။ နှောင်းခေတ် တေးပဒေသာ
- ၈း၃၀ ၇။ International News.
- ၉း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ နားဝင်ပီယံသူ့လက်သံ
- ၄း၂၀ ၃။ အကပဒေသာ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၀ ၆။ **"အေးမြသောလေညှင်းလေးများ" (မေတ္တာ၊ဇေယျ၊ စိုးမိုးကြည်၊ ဖူးဖူးမောင်) (ဒါရိုက်တာ-အောင်မိုး)**
- ၅း၂၀ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅း၃၀ ၈။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ တေးဂီတအစီအစဉ်
- ၆း၅၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၃)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁)**
- ၁၇။ အစီအစဉ်ပြီး၏။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၁၁

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လျှပ်စစ်မီးများ အပြည့်အဝရရှိနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် မြို့နယ်အတွင်း လေဘေးဒဏ်ကြောင့် ပြိုလဲသွားသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများအား တိုင်ထူ၊ ကြိုးဆွဲ၊ ကြိုးပြန်တင်ဆွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဇွန် ၁၀ ရက်တွင် မနှင်းဆီ မြစ်ကူးတာဝါတိုင်စိုက်ထူ ကြိုးတင်မှုများပြီးစီးခဲ့ပြီး မြို့နယ်အတွင်း လျှပ်စစ်တိုင်များ စိုက်ထူခြင်း၊ လိုင်းဆွဲခြင်းများကို မော်လမြိုင်ကျွန်းမြို့မှ ရှောက်ချောင်းရွာအထိ ပြီးစီးခဲ့ပြီးဖြစ်ရာ လျှပ်စစ်သံတိုင်ပေါင်း ၁၆၀ ကို ဓာတ်အားလိုင်း သန့်ရှင်းရေးပြုလုပ်ပေးနေပြီး မကြာမီရက်ပိုင်းအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မှူး ဦးမြို့သစ်မောင်က ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်မြင်ကွင်း

သတင်းဆောင်းပါး-မောင်မောင်ထွေး(သတင်းစဉ်)
ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန်   ဇွန်   ၁၁

မိမိတို့သတင်းအဖွဲ့ဝင်များသည် မုန်တိုင်းဒဏ်သင့် ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာအုပ်စု ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို စာဖတ်ပရိသတ်များထံ တင်ပြနိုင်ရန် ဇွန် ၈ရက် နံနက်ပိုင်းတွင် တိုးမြစ်၏ ရေဆန်၊ လေဆန်ခရီးကို စက်တပ်ပဲ့ထောင်လှေဖြင့် အန်တုဖြတ်သန်းခဲ့ကြသည်။

ရာသီဥတုကား ပြိုတော့မည့်မိုးနှင့် အုံ့အုံ့ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းညို့ညို့ တစ်ချက်တစ်ချက်

ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာတွင် ဆန်စက်ကြီးများ ပုံမှန်ပြန်လည် လည်ပတ်နေသည်ကို တွေ့ရစဉ်။

တိုက်ခတ်သည့် ထန်ပြင်းမာန်ပြင်းသော လေပြင်းတို့ကြောင့် မြစ်ကြောင်းတစ်လျှောက် လှိုင်းကြက်ခွပ်များသည် လှိုင်းငယ်များအဖြစ်သို့ မကြာခဏ ကူးပြောင်းနေသည်။

သို့သော် မြစ်ကြောင်းတစ်လျှောက်တွင် ပရိယေသန ဝမ်းစာအတွက် ပိုက်ချနေသော လှေငယ်များ၊ ငါးဖမ်းပိုက်ကြီး၊ ပိုက်ငယ်များဖြင့် လုပ်ငန်းခွင်ဝင် ရေလုပ်သားကြီးများကို တွေ့မြင်နေရသည်။

ဆူးကလပ်ကျေးရွာအုပ်စုသို့ ရောက်ရှိနေသော မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်း၍ အိမ်ထောင်စု ၆၄၂စုတို့အတွက် ခြင်ထောင်၊ စောင်၊ တာပေါ်လင်၊ အမိုးနှင့် သွားတိုက်ဆေး၊ သွားပွတ်တံ၊ မျက်နှာသုတ်ပဝါ၊ တီရှပ်တို့ကို လေဘေးသင့် ပြည်သူများ လက်ဝယ်အရောက် ပံ့ပိုးဝေငှပေးနေသည့်မြင်ကွင်းက ဆီးကြိုနေသည်။

ထောက်ပံ့ရေးပစ္စည်းများကို တနင့်တပိုးသယ်ပိုးနေကြသော လေဘေးသင့်ပြည်သူများ၏ မျက်နှာများကား ဝမ်းသာပီတိဖြစ်မှုတို့ဖြင့် အထင်အရှား။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဆူးကလပ်ကျေးရွာအုပ်စုအပြင် ကျေးရွာအုပ်စုပေါင်း ၁၃ အုပ်စုမှ အိမ်ထောင်စု ၆၂၀၀တို့အတွက်လည်း အထက်ပါ ထောက်ပံ့ရေးပစ္စည်းများအတိုင်း ပေးဝေပြီးဖြစ်ကြောင်း သိရသည်။

အလားတူ နိုင်ငံတော်အစိုးရနှင့် ပြည်တွင်းပြည်ပမှလှူဒါန်းသော ဆန်၊ဆီ၊ဆား၊ရေသန့်၊ ကြက်ဥ၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ အသားတု၊ သကြားလုံး၊ ဘီစကွတ်၊ ချောကလက်၊ ကော်ဖီမစ်၊ ပုဆိုး၊ အင်္ကျီ၊ စောင်၊ ခြင်ထောင်၊ တာပေါ်လင်၊ ဇလုံ၊ ဒန်အိုး၊ ရေပုံး၊ ပေါက်တူးနှင့် ရွက်ဖျင်တဲများကို ဆူးကလပ် ကျေးရွာမှ အိမ်ထောင်စု ၃၉၃ စု၊ ကျေးရွာအုပ်စုအောက်ရှိ ကျေးရွာခုနစ်ရွာရှိ အိမ်ထောင်စု ၆၄၂ စု တို့မှ လေဘေးသင့်ပြည်သူများထံ ပေးအပ်ဝေငှပြီးဖြစ်ကြောင်း သိရသည်။

ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးဦးက လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်း၍"ကျေးရွာအတွင်း လယ်မြေ ဧက ၁၀၆၂ ဧကရှိကြောင်း၊ ယခု ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးရာသီချိန်အတွင်း အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်က လယ်ယာ(၂၂) ထွန်စက်များ၊ ကျွဲများ၊ မျိုးစပါးများ၊ လယ်ယာသုံး ကိရိယာများစသဖြင့် ပေးပို့ထားပြီး ဖြစ်ကြောင်း၊ ရေလုပ်သားကြီးများလုပ်ငန်းခွင် ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် တာဝန်ရှိသူများက စာရင်းကောက်ယူလျက် ရှိကြောင်း"ဖြင့် ရှင်းပြသည်။

ဤသည်တို့မှာ နိုင်ငံတော်အစိုးရက လေဘေးသင့် ပြည်သူများအား ဟင်းစားသာမက ကွန်ချက်ပါ ပြသပေးသည့် ပြယုဂ်တစ်ခုဟုပင် ဆိုရချိမ့်မည်။

ယင်းနောက် မိမိတို့ သတင်းအဖွဲ့ဝင်များသည် ကျေးရွာရှိ မဟာဗောဓိရာမကျောင်းတိုက်သို့ သွားရောက်၍ ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒောဘာသနှင့် သစ်ဆိမ့်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တကုန္ဒကတို့အား ဖူးမြော်ကြည်ညိုကြရာ ဆရာတော်ကြီးများက "စေတနာရှင်ပြည်သူများနှင့် ဒါယကာ၊ ဒါယိကာမများ လာရောက်လှူဒါန်းသော ဆန်နှင့် စားသောက်ဖွယ်ရာများ၊ မုန့်ပဲသရေစာများ၊ သောက်ရေဘူးများ၊ အဝတ်အထည်နှင့် အိုးခွက်ပန်းကန် အသုံးအဆောင်များကို အိမ်ထောင်စုများအလိုက် စနစ်တကျ ပေးအပ်ဝေငှခဲ့ကြောင်း" ဖြင့် မိန့်ကြားသည်။

တစ်ဆက်တည်းမှာပင် ဆက်လက်မိန့်ကြားသည်မှာ "ဇွန် ၇ ရက်က ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းကလည်း သစ်ဆိမ့်ကျောင်းတိုက်သို့ သွပ်အချပ်ရေ ၁၀၀နှင့် နဝကမ္မ အလှူငွေ ကျပ်သုံးသိန်း၊ မဟာဗောဓိရာမကျောင်းတိုက်သို့ သွပ်အချပ်ရေ ၅၀ နှင့် နဝကမ္မ အလှူငွေ ကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြောင်း" ဖြင့် ဆက်လက်မိန့်ကြားသည်။

ဘေးမှရပ်မိရပ်ဖတစ်ဦးက "ကျေးလက်ကျန်းမာရေးဌာနအတွက်လည်း ဝန်ကြီးက သွပ်အချပ်ရေ ၁၂၀ ကို ပေးအပ်ခဲ့ပါတယ်"ဟု ဖြည့်စွက်ပြောကြားသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များ ဆူးကလပ်ကျေးရွာမှ ပြန်လည်ထွက်ခွာရာ ညနေပင်စောင်းလုပြီ။ အပြန် ခရီးစဉ်သည်လည်း ရေဆန်၊ လေဆန်ပင်။ သို့သော် သတင်းသမားများပီပီ ရည်မှန်းချက်သို့ နိုင်ငံတော်နှင့် ပြည်သူအတွက် မရောက် ရောက်အောင် ကြံ့ခိုင်သော ဇွဲ၊ စိတ်ဓာတ်တို့ဖြင့် ခရီးနှင်ရပါဦးမည်။ ။

ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်မွမ်းမံ ပြီးစီးမှုကို တွေ့ရစဉ်။

ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာ မြစ်ကြောင်းတစ်လျှောက်တွင် ပိုက်ချနေသော ရေလုပ်သားကြီးများအား တွေ့ရစဉ်။

ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့တို့ ပူးပေါင်း၍ အိမ်ထောင်စု များအတွက် ထောက်ပံ့ရေး ပစ္စည်းများ ပေးအပ်ပြီး တနင့်တပိုး သယ်ယူသွားကြသော လေဘေးသင့် ပြည်သူများ၏ ဝမ်းသာပီတိဖြစ်မှုမျက်နှာကို တွေ့မြင်ရစဉ်။

လေဘေးသင့်ဒေသများ၌ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

ကျန်းမာရေး စောင့်ရှောက်ပေး

ရောဝတီတိုင်း လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေး စခန်းတွင် ကျန်းမာရေးဦးစီးဌာန ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းတွင် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ရေသန့်စက်များတပ်ဆင်အသုံးပြုစဉ်။ (သတင်းစဉ်)



ရောဝတီတိုင်း လပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

သင်္ဘောများဖြင့်ရောက်ရှိ

ရောဝတီတိုင်း ပြင်စလူမြို့ ဆိပ်ကမ်းတွင် ကယ်ဆယ်ရေးစခန်းအတွက် ပြန်လည်တည်ဆောက်ရေးပစ္စည်းများ သင်္ဘောများဖြင့် ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်း ပြင်စလူမြို့ ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းလပွတ္တာမြို့နယ် ကန်ဘက်ကျေးရွာလယ်မြေများ၌ ဒေသခံပြည်သူများ လယ်ထွန်စက်များ၊ ကျွဲများဖြင့် ထွန်ယက်နေကြစဉ်။ (သတင်းစဉ်)

လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်ဖြင့်

ချစ်နိုင်(စိတ်ပညာ)

“လွန်ခဲ့သည့်ရက်အနည်းငယ်က မုန်တိုင်းဒဏ်သင့်ဒေသသို့ မိမိရောက်ရှိခဲ့ပါသည်။ နေအိမ်များ၊ ကျေးရွာများနှင့် လမ်းများ ရေစီးနှင့်အတူ မျောပါခဲ့ရပြီး လယ်ကွင်းများ ရေနစ်မြုပ်ခဲ့ကြပါသည်။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများစွာမှာလည်း ပျက်စီးခဲ့ရသည်။ သို့အတွက် နေအိမ်များအား ပြန်လည်တည်ဆောက်လျက်ရှိသည်ကို မိမိတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံပြည်သူများသည် မုန်တိုင်းဒဏ်ခံခဲ့ရသည့် ပြည်သူတို့အား ကူညီနိုင်ရန်ကြိုးပမ်းလျက်ရှိရာတွင် သတ္တိ၊ ဗျတ္တိရှိလှပြီး ပြန်လည်ရုန်းထနိုင်စွမ်း ကြီးမားသည်ကို ပြသနိုင်ခဲ့ပြီ ဖြစ်ပေသည်။”

မစ္စတာဘန်ကီမွန်း
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်
ကုလသမဂ္ဂနှင့် အာဆီယံပူးတွဲညီလာခံ၊ ၂၅-၅-၂၀၀၈၊ ရန်ကုန်။

ကျွန်တော်သည် ၂-၅-၂၀၀၈ရက်နေ့နှင့် ၃-၅-၂၀၀၈ရက်နေ့တို့တွင် တိုက်ခတ်သွားခဲ့သော လေပြင်းမုန်တိုင်းဒဏ်ကြောင့် ရန်ကုန်မြို့ အပါအဝင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အချို့၌ လူသူ၊ ကျွဲနွားများစွာ ပျက်စီးဆုံးရှုံးရကြောင်း ကြားသိရသည့်အခါ စိတ်မကောင်းဖြစ်မိပါသည်။အခြေအနေပေးလျှင် လေဘေးရေဘေးကြောင့် အတိဒုက္ခရောက်ခဲ့ကြရသည့် ဒုက္ခသည်များ၊ မိမိလုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ စာပေရေးဖော်ရေးဖက် စာရေးဆရာ၊သတင်းစာဆရာများထံသွားရောက်သတင်းမေးမည်။ အားပေးမည်ဟု ရည်ရွယ်သည်။ အစားအစာ၊ အဝတ်အထည်နှင့် ကူညီငွေကျပ် ၁၀ သိန်း စုဆောင်းရခဲ့သည်။

၂၈-၅-၂၀၀၈ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များသို့ သွားရောက်ခဲ့ပါသည်။ ရန်ကုန်တိုင်းအတွင်း ၂-၅-၂၀၀၈ ရက်နေ့ညနှင့် ၃-၅-၂၀၀၈ ရက်နေ့ နံနက်ပိုင်းတို့၌ တိုက်ခတ်မွှေနှောက်သွားခဲ့သော လေပြင်းမုန်တိုင်းသည် အထက်ပါမြို့နယ်တို့တွင် အရက်စက်ဆုံး၊ အဆိုးရွားဆုံးနှင့် အပျက်အစီးအသေအပျောက် အများဆုံး ဖျက်ဆီးသွားခဲ့သောကြောင့် မိမိတို့ဌာနလုပ်ဖော်ကိုင်ဘက် ရဲဘော် ရဲဘက်တို့ကို ထိတွေ့အားပေးကာ မိမိတို့စုဆောင်းရရှိသမျှ ထောက်ပံ့မှုဝေပေးဖို့ရာ သွားရောက်ခြင်းဖြစ်ပါသည်။ သူတို့ အိမ်လေးတွေပြိုသွားခဲ့သည်။ သူတို့ အိမ်အချို့ အမိုးတွေလန်ပျံသွားခဲ့ ကြသည်။ သူတို့ အိမ်နီး နားချင်းနှင့် အသိအကျွမ်းများ ပျောက်ဆုံးလျက် ရှိနေကြသည်။ ဘဝတစ်သက်တာလုံး၌ မကြုံစဖူး ဆိုးဆိုးရွားရွား ပြင်းထန် ကြမ်းတမ်းလှသော လေမုန်တိုင်း၏ဒဏ်ကို တစ်ညလုံး လူးလိမ့်ခံစားပြီး အကြောက်မပြေ ရှိကြရသည်။ အချို့မှာ ယနေ့အထိ အတော်ပင် စိတ်ချောက်ချားနေသေးသည်။

အိမ်တစ်အိမ်မှာ လူတစ်ဦးပျက်စီးလျှင်ပင် ကျန်ရစ်သူများ တစ်ပတ်ကြာ၊ တစ်လကြာ ပူဆွေးငိုကြွေးနေရသေးသည်။ မိသားစုတစ်ခုလုံး၊ မိသားစုဝင်သုံးဦး၊ လေးဦး၊ ငါးဦးတို့ မျက်စိရှေ့မှောက်မှာပင် ကယ်ပါယူပါတစာစာအော်ရင်း ရေထဲ မျောပါပျောက်ဆုံးသွားကြသော အဖြစ်အပျက်မှာ ကြေကွဲဖွယ်ရာ ဖြစ်ပါသည်။

မုန်တိုင်းလေပြင်းက တစ်နာရီ မိုင်၁၂၀ ကျော်ရှိသဖြင့် လေနှင့်အတူပါသော မိုးသီးမိုးပေါက်များသည် ကျောက်ခဲများဖြင့် ပစ်ပေါက်ထုနှက်သကဲ့သို့ ပြင်းလေသည်။ သွပ်မိုး၊ သက်ငယ်မိုး၊ ဓနိမိုးများ ကွေးကောက်ပေါက်ပြဲကုန်ကြသည်။ လေပွေမုန်တိုင်းက ဆောင့်၍ဆောင့်၍ တိုက်ပြန်သောအခါ အိမ်အများစု၏ အမိုးများလန်ထွက်ကာ လွင့်ပျံသွားကြ၏။ အိမ်ကြီးတွေယိုင်သည်။ အိမ်လေးတွေပြိုသည်။ သစ်ပင်ကြီးတွေကို ကင်းကောင်လို၊ ဂေါ်ဇီလာကောင်လို အကောင်ကြီးမျိုးက ဒေါသတကြီး ဆွဲနုတ်လိုက်သကဲ့သို့ အမြစ်ကပါ၍ လဲကျကုန်သည်။ အနှစ် ၅၀-၁၀၀ သက်တမ်းရင့် ညောင်ပင်၊ ကုက္ကိုပင်၊ သရက်ပင်၊ မန်ကျည်းပင်စသည်တို့သည် လေပြင်းမုန်တိုင်း၏ဒဏ်ကြောင့် လဲပြိုကျကာ အမြစ်ကြီးတွေ ပေါ်ကုန်ကြသည်။

နာဂစ်မုန်တိုင်းကြောင့် အသေအပျောက်များရခြင်းမှာ ပင်လယ်ပြင်မှ မုန်တိုင်းဒီလှိုင်းများကို ဆယ့်နှစ်ပေ ဆယ့်ငါးပေအမြင့် လှိုင်းလုံးကြီးများအဖြစ် အရှိန်ပြင်းစွာ သယ်ယူလာသဖြင့် ကွင်းပြင်မြေပြန့်ဒေသရှိ ချောင်းဘေး မြောင်းဘေးကျေးရွာများစွာ၊ ပင်လယ်ကမ်းစပ် မိုင် ၃၀-၄၀ အတွင်းရှိ ကျေးရွာပေါင်းများစွာတို့ကို ပျက်စီးစေခြင်း ဖြစ်ပါသည်။ လူပေါင်းထောင်သောင်းချီ၍ သေကျေကြရသည်။ အိမ်ခြေပေါင်းသောင်းချီ၍ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သောင်းချီပြီး ရေနစ်သေဆုံးခဲ့ကြရသည်။ ၂-၅-၂၀၀၈ရက်နေ့ညသည် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း အချို့မြို့နယ်မှ လေဘေးသင့်ရာဒေသတို့သည် ငရဲကျခဲ့ရသောညတစ်ည ဖြစ်ရပေတော့သည်။

အချို့တစ်မိသားစုလုံး သေဆုံးသည်။ အချို့အိမ်က သုံးဦး၊ လေးဦး သေဆုံးသည်။ အချို့က တစ်ဦး၊ နှစ်ဦး သေဆုံးသည်။ လူမမည်ကလေးအရွယ်များ အသေအပျောက်များသည်။ အမျိုးသမီးများ သေတာများသည်။ နေစရာမရှိစားစရာမရှိ၊ ချက်ချင်းအတိဒုက္ခ ရောက်ကြရသောမုန်တိုင်းလေဘေးသင့်သူများ သိန်းနှင့်ချီ၍ ရှိလေသည်။ မြန်မာပြည်အရပ်ရပ်မှ စေတနာရှင်ပြည်သူများက ငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းကြသည်။ နိုင်ငံတကာမှ ကြက်ခြေနီအသင်းများနှင့် အစိုးရများ၊ အစိုးရမဟုတ်သော စေတနာရှင်များက လေယာဉ်၊ သင်္ဘောစသည်တို့ဖြင့် ပစ္စည်းများ ထောက်ပံ့ကူညီခဲ့ကြပေသည်။

လယ်မြေဧကများစွာ ရေငန်ဝင်၍ ထိခိုက်မှုရှိခဲ့သည်။

ရေလုပ်ငန်းများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဆားကွင်းဧရိယာများစွာ ပျက်စီးခဲ့သည်။ သစ်ပင်၊ ဝါးပင်များစွာပျက်စီးခဲ့ရသည်။ ကျေးရွာအချို့လည်း ပျက်စီးခဲ့ရသည်။ လူပေါင်းတစ်သိန်းကျော် သေဆုံး ပျောက်ဆုံးခဲ့ရသည်။ တိုင်းပြည်အတွက် ထိခိုက်ဆုံးရှုံးမှုပမာဏ ကြီးမားလှသော သဘာဝဘေးဒဏ်တစ်ခုဖြစ်လေသည်။ ကယ်တင်ရေး၊ ကူညီရေး၊ ပြန်လည်ထူထောင်ရေး၊ သဘာဝအန္တရာယ် အလားတူထပ်မံဖြစ်ပေါ်ပါက ကြိုတင်တားဆီးကာကွယ်ရေး အစီအမံများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ဆောင်ရွက်နေကြသည်ကို မြင်တွေ့ခဲ့ရသဖြင့် စိတ်သက်သာရာရခဲ့ပါသည်။

မုန်တိုင်းတိုက်ခတ်ပြီး တစ်လကြာသောအခါ ကျိုးကျနေသောကိုင်းလေးများမှ အညွန့်ရွက်နုတို့ လူးလွန့်ထွက်ပေါ်လာကြသည်ကို တွေ့ရပေသည်။ လူများသည်လည်း အညံ့မခံအရှုံးမပေးဘဲ လယ်သမားက လယ်အလုပ်၊ ရေလုပ်သားက ရေလုပ်ငန်းအလုပ်တို့ကို ဝင်ရောက်လုပ်ဆောင် နေကြလေပြီ။ မျက်စိမှိတ်၍ တွေးလိုက်သည့်အခါ ချောက်ချားထိတ်လန့် ဖွယ်ကောင်းလှသော မေလ ၂ ရက်နေ့ညက အဖြစ်အပျက်ကို သတိရမိသည်။ ကွဲကွာသွားရသော မိသားစုအချို့အတွက် မျက်ရည်ဝဲမိသည်။ ဘာမှမတတ်နိုင်ခဲ့ဘဲ။

ပျက်စီးမှုတွေကြားကပဲ ကုန်းရုန်းထကြရပေမှာပဲ။ အားကိုတင်းကြရသည်။ ကွမ်းခြံကုန်းမြို့နယ်အတွင်းမှ ကျေးရွာများစွာ ဆိုးဆိုးရွားရွား အထိနာခဲ့သည်။ ဖျာပုံခရိုင်အတွင်းမှ ကျေးရွာများစွာ ရက်ရက်စက်စက် အထိခိုက်ခံခဲ့ကြရသည်။

ဖျာပုံသား ဆရာဦးသိန်းဟန် (ဇော်ဂျီ)က အားမာန်တင်းသော ကဗျာများရေးဖွဲ့ကာ မြန်မာပြည်သူပြည်သားများအား အမျိုးသားရေး၌ လမ်းပြရှေ့ဆောင်ခဲ့ပါသည်။ ဆရာဇော်ဂျီ (၁၉၀၇-၁၉၉၀)၏ **တို့တိုင်းပြည်ကဗျာ**တွင် ဤသို့ အားပေးလှုံ့ဆော်ခဲ့ဖူး၏-

တို့တိုင်းပြည်

“ထလော့မြန်မာ၊ မြန်မာထလော့
အားမပျော့နှင့်၊ မလျှော့လုံ့လ
သူကစ၍၊ ငါကအားလုံး
လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေတော့
ဤမြေ ဤရွာ၊ ဘယ်သူ့ရွာလဲ
ဤယာစပါး၊ ဘယ်သူ့စပါးလဲ
ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း
ဉာဏ်ရှေ့ပန်း၍
တစ်ဝမ်းတစ်စိတ် ညီစေသတည်း။ ။”

ဇော်ဂျီ
ကြီးပွားရေးမဂ္ဂဇင်း၊ ဩဂုတ် ၁၉၃၅။

အခက်အခဲ ဘယ်လိုပဲတွေ့တွေ့ အံကိုခဲ၍ပန်းပန်လျက်ပဲဟူသော သင်္ကေတနိမိတ်ဖြင့် ပေဒါပင်ကို ရေးဖွဲ့ကာ နမူနာဆောင်ခဲ့၏-

ရဲခဲ့သည်ပဲ
(ပေဒါလမ်းကဗျာ အမှတ်စဉ်-၆)

မြစ်တန်းမှာတဲ့ လေကြမ်းဆင်---။
ထန်လိုက်လေ လေမုန်တိုင်း၊ လှိုင်းကဘောင်ဘင်။
တစ်လှိုင်းထွက် တစ်လှိုင်းဝင်၊ ပေဒါခင် ဖြစ်နဲ့၊
ရေလှိုင်းဗလပွေနဲ့၊ မုန်တိုင်းလေ ရေတစ်ရိုးမှာ
စိုးရွံ့မှာပဲ။

မြစ်ရိုးမှာတဲ့ မိုးသက်ဆင်---။
လျှပ်ကြိုးပျံ့ မိုးသံထစ်၊ မိုးစစ်ဘုရင်။
မိုးညစ်လို့ မြစ်မမြင်၊ ပေဒါခင် ဖြစ်နဲ့၊
ရေလှိုင်းဗလပွေနဲ့၊
မိုးသက်လေရေတစ်ရိုးမှာ စိုးရွံ့မှာပဲ။

စိုးမရွံ့ တွန့်မတုန်၊
မိုးနှင့်လေ ရေရှုပ်ထွေး၊ ရွှေးမှုမဖြို။
ဆန်လိုက်ပြန်တုံ၊ စုန်လိုက်ပြန်ရ။
ခေါက်ပေါင်း မရေနိုင်လို့
ပေဒါခိုင် သည်မြစ်ထဲ ရဲခဲ့သည်ပ့ါ။

ဇော်ဂျီ
ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်း (၁၉၅၉ ခု)

ကျွန်တော်သည် ၃၁-၅-၂၀၀၈ ရက်နေ့ (စနေနေ့)တွင် ဒေးဒရဲနှင့် ဖျာပုံမြို့နယ် အတွင်းရှိ ကျေးရွာအချို့သို့လည်းကောင်း၊ ၁-၆-၂၀၀၈ ရက်နေ့ (တနင်္ဂနွေနေ့)တွင် ကျိုက်လတ်နှင့်မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့သို့လည်းကောင်း ကိုယ်တွေ့မျက်မြင် ကွင်းဆင်းလေ့လာရင်း မိမိတတ်စွမ်းသမျှ လှူဒါန်းကူညီပေးဝေခဲ့ပါသည်။

အချိန်တစ်လကြာသွားသောအခါ လဲကျနေသော သစ်ပင်ကြီးများကိုလည်း ရှင်းလင်းပြီးပြီ။ အမိုးတွေလန်ပျံကုန်ကြသော အိမ်အတော်များများလည်း ဓနိ၊ သက်ငယ်၊ သွပ်ပြား၊ မိုးကာပတ္တူစတို့ဖြင့် သစ်လွင်စွာ ပြန်လည်မိုးပြီးသွားကြပြီ။ လူတွေကလည်း ညှိုးညှိုးငယ်ငယ် ငေးငေးငိုင်ငိုင် မဟုတ်ကြတော့ဘဲ ပြုံးနိုင်ရယ်နိုင်ဖြစ်လာကြပြီကို တွေ့ရလေသည်။ အရေးကြီးတော့ သွေးနီးပုံကိုလည်း ကိုယ်တွေ့ကြုံရသည်။ မြန်မာပြည်တစ်လွှား၊ အထက်ရယ် အောက်ရယ်မခွဲခြားဘဲ စေတနာရှင် ပြည်သူများ၊

ပျက်စီးဆုံးရှုံးမှုများထဲမှ မိမိတို့ရရှိခဲ့သော အမြတ်မှာ အမြော်အမြင် ကြီးမားသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ဦးဆောင်မှုဖြင့် မုန်တိုင်းလွန်ကာလတွင် လူမှုစီးပွား အဆင့်အတန်းများကို ပိုမိုမြင့်မားအောင် ဖြည့်ဆည်းထူထောင်နိုင်ကြမည့် အခြေအနေ ဖြစ်ပေသည်။

ဆရာတော်၊ သံဃာတော်များအားလုံးက ထက်သန်လှိုက်လှဲစွာ ကူညီလှူဒါန်းမှုတွေ သန်းနှင့်ချီ၍ ပေးပို့နေကြသည်။ ၂-၆-၂၀၀၈ ရက်နေ့ထုတ် အလင်းတန်းဂျာနယ်မှာ စာရေးဆရာ အကယ်ဒမီ ဒါရိုက်တာ မောင်ဝဏ္ဏ ရေးထားသည်ကို သတိပြုမိသည်။

“အဲဒီအချိန်မှာ ကျွန်တော်တို့ မြန်မာလူမျိုးအများစုရဲ့ စိတ်ရင်းစေတနာကို စပြီး ဂရုပြုမိတာပါ။ အများစုကတော့ ရိုင်းပင်းကူညီဖို့ပဲ စိတ်ထားမြင့်မြတ်ကြလေရဲ့”တဲ့။ ဆရာ မောင်ဝဏ္ဏက သူ၏ကိုယ်တွေ့ကို ဤသို့ရေးထားသည်။

“အဲဒီမုန်တိုင်းနေ့ ၃-၅-၂၀၀၈ ရက်နေ့မနက် အရုဏ်မကျင်းမီက စပြီးမိုးစုပ်စုပ်ချုပ်တဲ့အထိ ကျွန်တော်တို့အရပ်ထဲကလူကြီးတချို့နဲ့ လူငယ်အများစု ဦးစီးပြီး အပျက်အစီးတွေကို ရှင်းကြလင်းကြတယ်။ မုန်တိုင်းဒဏ်ခံရတဲ့လူတွေကို တတ်နိုင်သမျှကိုယ်စွမ်းဉာဏ်စွမ်းထုတ်ပြီး ကူညီကြတယ်။

တစ်နိုင်ငံလုံးမှာရှိတဲ့ အဲဒီမြန်မာလူငယ်အများစုဟာမုန်တိုင်းကြောင့် အထိနာခဲ့ပေမယ့် အနာဂတ်နိုင်ငံတော်ကို ကျကျနန လှလှပပ သေသေသပ်သပ် ခိုင်ခိုင်ခံ့ခံ့ တည်ဆောက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်စိတ်ချရပါတယ်။ မိုးမှောင်ညမှာ ကြယ်တွေလင်းလက်နေကြပြီ” တဲ့။ ဆရာမောင်ဝဏ္ဏက ၂၃-၅-၂၀၀၈ ရက်စွဲဖြင့် ရေးသားတင်ပြသော “ကျေးဇူးပဲနာဂစ်” ဂျာနယ်ဆောင်းပါးတွင် ဖတ်ရသည်။

အလားတူ မုန်တိုင်းအလွန်နောက်တစ်ရက်အကြောင်းကို ဆရာအောင်သင်းက “လမ်းတိုကလေးထဲမှာ---” ဟု စျေးကွက်ဂျာနယ်၌ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ ဤသို့ မှတ်တမ်းတင်လေသည်-

“လေမုန်တိုင်းကျစဉ်က လေသံကိုပဲကြားရတယ်။ လူသံ သူသံ လုံးဝမကြားခဲ့ရဘူး။ မုန်တိုင်းစဲသွားတော့ လေသံမကြားရတော့ဘဲ လူသံတွေကိုပဲ ကြားနေရတော့တယ်။ သစ်ရွက်သစ်ခက်တွေဆိုတာ တစ်လမ်းလုံးခြေချစရာ မရှိတော့လောက်အောင်လို့ ပြောရမှာပါပဲ။

“နောက်တော့ အဲဒီသစ်ခက်သစ်ရွက်တွေကို ဆွဲကြဖယ်ကြလုပ်ရတော့တာကိုး။ ငါတို့ လမ်းတိုကလေးရဲ့ထိပ်မှာ ဗဟိုလမ်းမကြီးရှိတယ်။ အဲဒီကိုပို့ပေးကြရတာကိုး။ တရှူးရှူးတရှဲရှဲ သစ်ကိုင်းသစ်ခက်တွေကို ဆွဲပို့ကြရတာကိုးကွဲ့။

“အဲဒီမှာ ငါသတိထားမိလိုက်တာကတော့ ကိုလွင်ဦး ဆိုတဲ့လူပါပဲ။ သူက သူ့အိမ်ရှေ့က သစ်ကိုင်းသစ်ခက်သာမဟုတ် လမ်းထိပ်အဝေးကြီးက သစ်ကိုင်းတွေ၊ အမှိုက်တွေကိုပါ ဆွဲတာကိုး။ သူကိုယ်တိုင်ဆွဲတာ လောက်ဆိုရင်တော့လဲ ငါက စကားထဲထည့်မပြောပါဘူး။ သူက ဘာလုပ်သလဲဆိုတော့ လမ်းထိပ်မှာ ရှုစိရှုစိလုပ်နေတဲ့ ကလေးတွေကို ‘သားတို့ ဒီသစ်ကိုင်းတွေဆွဲကြကွ၊ အောက်ထိရောက်အောင်ဆွဲ၊ အဲ-ဟုတ်ပြီ၊ နှစ်ယောက်အတူတူဆွဲကွ’

“စသည်ဖြင့် အော်လိုက် အားပေးလိုက်နဲ့ လုပ်လိုက်ကြတာ။ ကတည်းကွာ ညနေ ၄ နာရီလောက်ရှိတော့ တစ်လမ်းလုံး ရှင်းသွားတာပဲ။ ရှင်းတာမှ မုန်တိုင်းမကျခင်ကထက်တောင် ရှင်းသေးတယ်။ သစ်ကိုင်းတွေကို ဒရွတ်တိုက်ပြီး ကလေးတွေကဆွဲကြတော့ အမှိုက်လှဲသလို ဖြစ်သွားတာကိုးကွယ့်။ ကတ္တရာလမ်းလေး တစ်ခုလုံးဟာ ထမင်းပုံပြီး စားလို့ရခမန်း ပြောင်စင်သန့်ရှင်းသွားတယ် ဆိုပါစို့ကွယ်” တဲ့။

ကျွန်တော်သည်နှစ်ပေါင်းတစ်ရာ၊ နှစ်ရာကာလမျိုး၌မကြုံစဖူးထူးကဲပြင်းထန်သော လေပြင်းမုန်တိုင်း၏ဒဏ်ကို မိမိတို့ပြည်သူများ ကြံ့ကြံ့ခံကာ လူးလဲထူထ ရုန်းကန်ထူမတ်နေကြပုံကို မျက်မြင်တွေ့ရှိ၍ အားတက်မိပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကိုယ်တိုင် ကျွန်ုပ်တို့၏ သတ္တိဗျတ္တိရှိလှပြီး ပြန်လည်ရုန်းထနိုင်စွမ်းကြီးမားသည်ကို မြင်တွေ့နိုင်ခဲ့ပြီဖြစ်သဖြင့် ကျေနပ်မိပါ၏။ ပျက်စီးဆုံးရှုံးမှုများထဲမှ မိမိတို့ရရှိခဲ့သောအမြတ်မှာ အမြော်အမြင် ကြီးမားသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ဦးဆောင်မှုဖြင့် မုန်တိုင်း လွန်ကာလတွင် လူမှုစီးပွားအဆင့်အတန်းများကို ပိုမိုမြင့်မားအောင် ဖြည့်ဆည်းထူထောင်နိုင်ကြမည့် အခြေအနေ ဖြစ်ပေသည်။ နိုင်ငံတကာမှ လာရောက်ရှုမြင်ကြသူအားလုံးကို နာဂစ်မုန်တိုင်းကြောင့် ပြားပြားဝပ် ပျက်စီးဆုံးရှုံးမှုကြီးမားလှပုံ (ဆေးမစားမီပုံ)နှင့် နောင် ၄-၅ နှစ်ကြာ ကာလ၌ ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်သည် မည်မျှစွမ်းအားပြင်းထန်ကြီးမားစွာ မိမိတို့ လူနေမှု ဘဝကို တိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းအကောင်အထည်ဖော်နိုင်ပုံ (ဆေးစားပြီးပုံ) တို့ကို ကွဲပြားခြားနားစွာ မြင်တွေ့စေရမည် ဖြစ်လေသည်။ တွေ့ရစေမယ်ဟု စာရေးသူ၏စိတ်ထဲဝယ် ကြုံးဝါးနေမိပေသည်။ ဧရာဝတီသားတို့၏ သွေးသည် ရဲခဲ့သည်ပဲ မဟုတ်လား။ ။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အကူအညီပေးမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် UNအဖွဲ့အစည်းများ၊ INGOs၊ NGOs အဖွဲ့အစည်းများ

လိုက်နာဆောင်ရွက်ရမည့်အစီအစဉ်များနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အကူအညီပေးမှုများနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် UN Agencies၊ INGOs၊ NGOs အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အကူအညီပေးမှုများနှင့် ပတ်သက်သည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် UN Agencies၊ INGOs၊ NGOs အဖွဲ့အစည်းများ လိုက်နာဆောင်ရွက်ရမည့် အစီအစဉ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသို့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ဖိတ်ကြားထားသော ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှတာဝန်ရှိသူများနှင့် ပြည်ပရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၉၄ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ရှင်းလင်းပြောကြားရာ၌ မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကူအညီပေးမှုများနှင့်စပ်လျဉ်း၍လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်များ၊ UN Agencies၊ INGOs နှင့် NGOs တို့ လိုက်နာဆောင်ရွက်ရမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ပြောကြားလိုသည့် အတွက်တွေ့ဆုံရခြင်းဖြစ်ပါကြောင်း။

မေ ၁၈ ရက်တွင် ပြုလုပ်ခဲ့သော ရှင်းလင်းပွဲသို့ ပါဝင်တက်ရောက်ခဲ့သည့် တာဝန်ရှိ ပုဂ္ဂိုလ်အချို့ကလည်း ကယ်ဆယ်ရေးပစ္စည်းများနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို တင်ပြပေးမည်ဖြစ်ကြောင်းနှင့် ပစ္စည်းများ ဖြန့်ဖြူးရေး ပေါင်းစပ်ညှိနှိုင်းမှု ယန္တရားသည် အရေးကြီးကြောင်းကို ဆွေးနွေးခဲ့ကြပါကြောင်း၊ သို့ရာတွင်ယင်းကိစ္စများနှင့် စပ်လျဉ်း၍ ပီပီပြင်ပြင် လုပ်ဆောင်နိုင်သည့် အနေအထား မရှိသည်ကိုတွေ့ရပါကြောင်း၊ ညှိနှိုင်းမှုမရှိပါက ပစ္စည်း ဖြန့်ဖြူးရေးတွင် စနစ်တကျမရှိဘဲ Duplication များ ဖြစ်ပေါ်နိုင်ပါကြောင်း၊ မုန်တိုင်းဒဏ်သင့်ပြည်သူများထံ ကူညီထောက်ပံ့မှုများ ပေးပို့ဆောင်ရွက်သည့် လုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းမှုမရှိဘဲဆောင်ရွက်သည့်ကိစ္စရပ်များမရှိရန်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် အလှူရှင်နိုင်ငံများ၊ အဖွဲ့အစည်းများမှ ပေးအပ်သော အလှူစာရင်းဇယားကိုတိတိကျကျသိရမည်သည့်အလှူရှင်နိုင်ငံကအကူအညီ အထောက်အပံ့ မည်မျှပေးသည်ကို တရားဝင်မှတ်တမ်းတင်ထားရှိနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ လေဘေးသင့်ပြည်သူများထံ လှူဒါန်းသည့်ပစ္စည်း မည်မျှရောက်ရှိသည်ကို မိမိတို့အနေဖြင့် သိရှိရန်လိုအပ်ပါကြောင်း၊ အထူးသဖြင့်မုန်တိုင်းနှင့် ပတ်သက်၍ အကူအညီပေးသည့်နိုင်ငံ၊အဖွဲ့အစည်း အလိုက်အထောက်အပံ့ပစ္စည်းစာရင်းများ၊တန်ဖိုးများ၊လက်ခံရရှိမှုအခြေအနေများကို စာရင်းဇယား အပြည့်အစုံ စုစည်းထားရှိလိုပါသဖြင့် စာရင်းဇယားများ ပေးပို့ရန် ဖြစ်ပါကြောင်း၊ လှူဒါန်းသည့်အခါ လေဘေးသင့်များ အမှန်တကယ်လိုအပ်မည့် ပစ္စည်းကို လှူဒါန်းပါက အထောက်အကူများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ အသုံးမတည့်သည့်ပစ္စည်း၊ သုံးလေ့သုံးထ မရှိသည့် ပစ္စည်းများဖြစ်နေ၍ ရောင်းချပြီး အကျင့်ပျက်သွားခြင်းမျိုး၊ နိုင်ငံသိက္ခာ ထိခိုက်သွားခြင်းမျိုးအဖြစ်မခံနိုင်ပါကြောင်း။

မုန်တိုင်းကျရောက်ပြီး နောက်UN အဖွဲ့အစည်းများ၊ INGOs များ၊ NGOsများသည် အရေးပေါ် အနေအထားအရ လုပ်ငန်းများကို မူလ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ၊ အချိန်နှင့် အရေးကြီးမှုအနေအထားပေါ် မူတည်၍လုပ်ဆောင်ခဲ့ကြပါကြောင်း၊ ပုံမှန်အခြေအနေတွင် စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် အဆင်ပြေချောမွေ့စေရေးအတွက်သက်ဆိုင်ရာ စီမံချက် အကောင်အထည်ဖော်သည့်ဝန်ကြီးဌာနများက ညှိနှိုင်းပေါင်းစပ်မှုများ ဆောင်ရွက်ပေးသကဲ့သို့ မုန်တိုင်းနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်စေရန် ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုလိုအပ်မည်ဖြစ်၍ ယင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

UN အဖွဲ့အစည်းများ၊INGOs၊ NGOs တို့နှင့် ဆောင်ရွက်လျက်ရှိသော Cooperation Program များနှင့်စပ်လျဉ်း၍ မြို့နယ်အဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

လေဘေးသင့်သည့်မြို့နယ်များတွင် relief and recovery လုပ်ငန်းနှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် ဝန်ကြီးတစ်ဦးစီကို တာဝန်ပေးထားပါကြောင်း၊ အဆိုပါဝန်ကြီးသည်မြို့နယ်ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းများကို တိုက်ရိုက်ကြပ်မတ်ကွပ်ကဲပါကြောင်း။

မြန်မာနိုင်ငံသို့မုန်တိုင်းနှင့်ပတ်သက်၍အကူအညီပေးမည့် လုပ်ငန်းအစီအစဉ်အပြည့်အစုံကိုသက်ဆိုင်ရာFocal Ministry နှင့် မြန်မာ၊ အာဆီယံနှင့် ကုလသမဂ္ဂသုံးပွင့်ဆိုင် ဗဟိုအဖွဲ့တို့သို့ ကြိုတင်အသိပေး အကြောင်းကြားခွင့်ပြုချက်ရယူစေလိုပါကြောင်း၊ ထောက်ပံ့ပစ္စည်းများ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိလာ၍ ပစ္စည်းများထုတ်ယူရာတွင်လည်း သက်ဆိုင်ရာ Focal Ministryနှင့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့တို့၏ ထောက်ခံချက်ဖြင့် ထုတ်ယူရန် ဖြစ်ပါကြောင်း၊ ပစ္စည်းများသိုလှောင်ထားရှိမည့် အစီအစဉ်ကိုလည်း သက်ဆိုင်ရာ Focal Ministry နှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့တို့သို့ အကြောင်းကြားရမည်ဖြစ်ပါကြောင်း။

ထောက်ပံ့ ပစ္စည်းများနှင့်စပ်လျဉ်း၍ မည်သည့် ပစ္စည်းများကိုမည်သည့်မြို့သို့ပို့မည်ဆိုသည့် အစီအစဉ်ကိုလည်း အကြောင်းကြားစေလိုပါကြောင်း၊မြို့နယ်သို့ ပေးပို့မည့်ပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်သို့ အမျိုးအစား၊ အရေအတွက်၊ တန်ဖိုးစာရင်း ပေးပို့ရန်နှင့် ထိုပစ္စည်းများ မြို့နယ်အတွင်းဖြန့်ဝေမှုကိုလည်း သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်များနှင့် ညှိနှိုင်းရန် လိုအပ်ပါကြောင်း။

UN Agencies၊ INGOs၊ NGOs များအနေဖြင့် မြို့နယ်များသို့ ဆင်း၍လုပ်ငန်းဆောင်ရွက်သည့်အခါ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့၏ ထောက်ခံချက်ဖြင့် Focal Ministry မှ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ Focal Ministry ကလိုက်ပါပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊မြို့နယ်သို့ ရောက်ရှိသည့် အခါတွင်လည်း ဒေသဆိုင်ရာ အဖွဲ့အစည်းသို့သတင်းပို့ရန်လိုအပ်ပါကြောင်း။ UN Agencies၊ INGOs၊ NGOsတို့ လှူဒါန်းထောက်ပံ့လိုသည့်နေရာတွင် လှူဒါန်းထောက်ပံ့နိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် မုန်တိုင်းဒဏ်ခံရသည့်ဒေသများသို့နှံ့နှံ့စပ်စပ်ရောက်ပြီးဖြစ်သည့်အတွက် Relief Rehabilitation Reconstruction လုပ်ငန်းစဉ်သုံးခုလုံးတွင်မုန်တိုင်းဘေးသင့်ပြည်သူများအတွက် မည်သည်များလိုအပ်နေသည်ကိုသိပါကြောင်း၊ အမှန်တကယ်လိုနေသည်များမှာလယ်ထွန်စက်၊ဓာတ်မြေဩဇာ၊ ဒီဇယ်ဆီ၊ ငါးဖမ်းပိုက်၊ ပဲ့ထောင်လှေများ ဖြစ်ပါကြောင်း၊ မိမိတို့တွင်ဆန်အလုံအလောက်ရှိပါကြောင်း၊ ဆန်ဖြန့်ဖြူး ပေးနိုင်ပါကြောင်း၊ စားနပ်ရိက္ခာလိုအပ်မှုကို ကာလတို၊ကာလလတ် ဖြည့်ဆည်းပေးရေးနှင့် ရေရှည်အတွက်လည်း နိုင်ငံတော်က လိုအပ်သည့် အစီအမံများ ဆောင်ရွက်ထားပါကြောင်း။

UN Agencies၊ INGOs၊ NGOsတို့ကလှူဒါန်းသည့်ရွက်ဖျင်တဲ၊ ရေသန့် ဘူးများမှာ လေဘေးသင့် ပြည်သူများ အတွက်လုံလောက်သည့် အနေအထားရှိပါကြောင်း၊ထပ်မံလှူဒါန်းကူညီရာတွင်ပျက်စီးသွားသည့်စာသင်ကျောင်း၊ဆေးရုံတို့အတွက်လိုအပ်သည့် ပစ္စည်းများကို လှူဒါန်းပါက ပိုမိုအသုံးဝင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ကလည်း မုန်တိုင်းဒဏ်ခံ ပြည်သူများအား စောင့်ရှောက်မှု လုပ်ငန်းများကို အစီအမံများ ချမှတ်၍ စနစ်တကျ ဂရုတစိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများကမုန်တိုင်းနှင့် ပတ်သက်သည့် လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်သည့်အခါ နိုင်ငံတော်က ဆောင်ရွက်ပေးသည့် အစီအစဉ်များနှင့် Complementaryဖြစ်ရန်လိုပါကြောင်း၊ UN အဖွဲ့အစည်းများ၊ INGOs များ၊ NGOs များက အကူအညီပေးသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ အမှန်တကယ် လိုအပ်သည်များ ပြည့်စုံရန် လိုနေပါသေး ကြောင်း၊ အမှန်တကယ် လိုအပ်သည်များကို ကူညီပေးစေလိုပါကြောင်း၊ နေရာအားလုံးတွင် စနစ်တကျရှိရန်၊ ဒုက္ခသည်များ၏ လိုအပ်ချက်များကို မြန်မြန်ဆန်ဆန် ဖြည့်ဆည်းပေးရန် Duplicate မဖြစ်စေရန်တို့အတွက် မြို့နယ်များတွင် ဖြန့်ဖြူးရေးကိစ္စများ၌ စနစ်တကျ အထိန်းအကွပ်ရှိရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံတွင် ရှိပြီးသော UN အဖွဲ့အစည်းများ၊ INGOs၊ NGOs တို့အနေဖြင့် မုန်တိုင်းနှင့်စပ်လျဉ်းပြီး အကူအညီပေးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်အဓိကအားဖြင့် Focal Ministry နှင့် သုံးပွင့်ဆိုင် ဗဟိုအဖွဲ့တို့နှင့်ဆက်သွယ်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ အချို့သောအဖွဲ့အစည်းများကမြန်မာပြည်တွင် နိုင်ငံတော်၏ စားနပ်ရိက္ခာလုံခြုံစိတ်ချရမှုကို များစွာထိခိုက်မှုရှိသည်ဟုပြောဆိုမှုများရှိနေပါကြောင်း၊ ထိုသို့ပြောဆိုမှုများသည် အခြေခံခိုင်မာမှု မရှိပါကြောင်း၊ ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့်ဆန်စပါးသည် တစ်ပြည်လုံးဆန်အထွက်၏ ၂၁ဒသမ ၃ရာခိုင်နှုန်းသာရှိပါကြောင်း၊ ယခုလာမည့် မိုးရာသီတွင် မုန်တိုင်းကြောင့် မစိုက်ပျိုးနိုင်သည့် လယ်ဧကမှာလည်းတစ်ပြည်လုံးစပါးစိုက်ဧက၏ ၁ ရာခိုင်နှုန်းပင် မပြည့်ပါကြောင်း၊ ဇွန် ၁၀ ရက် ပြောကြားသည်များကို UN Agencies၊ INGOs၊ NGOs တို့က လိုက်နာဆောင်ရွက်ပေးရန် အသိပေးပြောကြားအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဝန်ကြီးများက ပြန်လည်ဖြေကြားကြပြီး ရှင်းလင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် ဆေးတက္ကသိုလ်-၂ (ရန်ကုန်) ခေတ္တပါမောက္ခချုပ် ဒေါက်တာဦးတင့်ဆွေလတ်ဦးဆောင်သော ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် သူနာပြုဆရာမများ လေဘေးသင့်ခံရသည့် ပြည်သူများအား ဆေးဝါးကုသမှုပေးနေစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် သင်တန်းများ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် မဟာပညာရေးဘွဲ့ သင်တန်းအမှတ်စဉ်(၁၁)၊ ပညာရေးဘွဲ့(၁)နှစ်သင်တန်း အမှတ်စဉ်(၁၈)၊ ပညာရေးဘွဲ့ ပေါင်းကူး(၂) နှစ်သင်တန်းအမှတ်စဉ်(၅)၊ ပညာရေးဘွဲ့ (၄)နှစ် သင်တန်းအမှတ်စဉ်(၄၃)၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၇)နှင့် အလယ်တန်းဆရာအတတ် သင်တန်းအမှတ်စဉ် (၁၈) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အောက်ပုံ)

ဖွင့်ပွဲအခမ်းအနားသို့ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်နှင့် ဦးစိုးဦး၊ တက္ကသိုလ်ကောင်စီဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက သင်တန်းနှင့် စပ်လျဉ်းသော အစီရင်ခံစာကို တင်သွင်းပြီး တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် စံပြတပ်ခွဲဆုရ ဘုရင့်နောင်တပ်ခွဲအား ဆုချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ တိုင်းမှူးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်၏ ပြခန်းများ၊ စာကြည့်တိုက်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် မဟာပညာရေးဘွဲ့ ပထမနှစ် သင်တန်းသို့ ၁၀ ဦး၊ မဟာပညာရေးဘွဲ့ ဒုတိယနှစ်သင်တန်းသို့ ၁၇ ဦး၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်းသို့ ၅၃ဦး၊ ပညာရေးဘွဲ့ ပေါင်းကူး ပထမနှစ်သင်တန်းသို့ ၇၀ဦး၊ ပညာရေးဘွဲ့ ပေါင်းကူး ဒုတိယနှစ်သင်တန်းသို့ ၆၁ ဦး၊ ဆရာအတတ်ပညာဒီပလိုမာသင်တန်းသို့ ၂၃ ဦး၊ အလယ်တန်းဆရာ အတတ်သင်တန်းသို့ ၁၉ ဦး၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်းများဖြစ်သည့် သင်တန်းအမှတ်စဉ်(၄၃) ပထမနှစ်သင်တန်းသို့ ၂၅၀ဦး၊ သင်တန်းအမှတ်စဉ်(၄၂) ဒုတိယနှစ်သင်တန်းသို့ ၂၄၁ ဦး၊ သင်တန်းအမှတ်စဉ်(၄၀) တတိယနှစ်သင်တန်းသို့ ၂၄၀ဦးနှင့် သင်တန်းအမှတ်စဉ်(၄၀) စတုတ္ထနှစ် သင်တန်းသို့ ၂၃၀ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၂၁၄ ဦးတို့ တက်ရောက်သင်ယူကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၆-၂၀၀၈(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသား အမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	**ကာတွန်းအစီအစဉ်** "ကျားကလေးရဲ့မွေးရပ်မြေ" အပိုင်း(၃)
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	**၁၅။**	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၃၄)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင် ဇာတ်လမ်း အဖြူရောင်မြွေမင်းသမီးလေး အပိုင်း(၁၉)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့များ၌ အသုံးပြုမည့် တွဲယာဉ်များပို့ဆောင်မှု ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ညဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများသည် ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် နန်းသီတာဆိပ်ကမ်းမှ ဧရာဝတီတိုင်း အတွင်းရှိ ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့များ၌ အသုံးပြုရန် တည်ဆောက်ပြီးစီးသော "တ"အမျိုးအစား တွဲယာဉ်များကို မြစ်ဝကျွန်းပေါ်ဒေသသို့ ပို့ဆောင်ရန် ထွက်ခွာမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ဧရာဝတီတိုင်း အတွင်း လေဘေးဒဏ်ခံရသည့် မြို့နယ်များ၌ လိုအပ်လျက်ရှိသော တွဲရေယာဉ်များကို အလုံသင်္ဘောကျင်းနှင့် ဒလသင်္ဘောကျင်းတို့၌ အသစ်ပြန်လည် တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆိပ်ခံတွဲများ နေရာပြန်လည်ချထားရေး၊ နစ်မြုပ်/ကမ်းတင်ဆိပ်ခံတွဲများ အစားထိုး နေရာချထားရေး အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက မြစ်ဝကျွန်းပေါ်ဒေသသို့ ပို့ဆောင်မည့် "တ" အမျိုးအစား ဆိပ်ခံတွဲအသစ်များကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ကုန်းပတ် ကုန်တင်တွဲရေယာဉ်လေးစင်း ပြန်လည်မွမ်းမံပြုပြင်မှုများ ပြုလုပ်ရာတွင် လိုအပ်သည့် ပစ္စည်းနှင့် ငွေကြေးအကူအညီများကို ဦးသန်းဦး - ဒေါ်နှင်းကြည် မိသားစု (Sun Far Travels & Tours Co.,Ltd.၊ ဒေါက်တာမောင်မောင်အေး (Moe Htet Gabar Co., Ltd.)၊ ဦးအောင်မြတ် (Mother Trading Co., Ltd.)၊ ဦးဝင်းလွင်(Kyaw Thar Construction Group Co., Ltd)၊ ဦးမြင့်အောင်-ဒေါ်ချိုချိုဝင်း မိသားစု (Myanmar Northern Star Co., Ltd.)တို့က ပူးပေါင်းပါဝင် လှူဒါန်း ကူညီမှုဖြင့် အသစ်ပြန်လည် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကုန်းပတ်တွဲရေယာဉ်များကို လေဘေးဒဏ်သင့် ဒေသများ၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေစွာ ပြုပြင်တည်ဆောက်ထားသည့်အတွက် မြို့ပြအင်္ဂါရပ်နှင့် အညီတင့်တယ်ခြင်း၊ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ လွယ်လင့်တကူ ဆိုက်ကပ်နိုင်ခြင်း၊ ထောက်ပံ့ထုတ်ထောင်ရေး ကုန်စည်များ လျင်မြန်သွက်လက်စွာ တင်ချနိုင်ခြင်း၊ ထောက်ပံ့ထုတ်ထောင်ရေးပစ္စည်းများ လေလွင့်ပျက်စီးမှု ကာကွယ်နိုင်ခြင်း၊ လိုအပ်ပါက ကုန် သိုလှောင်ရုံအဖြစ် အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟို ကော်မတီဝင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နန်းသီတာဆိပ်ကမ်းမှ ဧရာဝတီတိုင်းအတွင်းရှိ ဘိုကလေး၊ ဖျာပုံ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့များတွင် အသုံးပြုရန် တည်ဆောက်ပြီးစီးသော 'တ'အမျိုးအစား တွဲယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးသင့် ကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇွန် ၁၁

ကျန်းမာရေးဝန်ကြီးဌာနမှ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ ကျော်ညွှန့်စိန်နှင့် အဖွဲ့သည် ဇွန် ၆ ရက် ည ၇ နာရီတွင် မြောင်းမြမြို့ရှိ တန် ၂၅၀ ဆန်စက်လေဘေးသင့် ကယ်ဆယ်ရေးစခန်း၌ ဆေးအကာ အကွယ်ပေးဆောင်ရွက်လျက် ရှိကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ညွှန့် ခေါင်းဆောင်သည့်အဖွဲ့၊ ပဏ္ဍိတာရုံကျောင်းတိုက်ရှိ ထိုင်းနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့၊ ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ လူနာများအား ကုသပေးခြင်း၊ ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်ခြင်း၊ ကျန်းမာရေးအသိ ပညာပေးခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဇွန် ၇ ရက်တွင် မြောင်းမြမြို့ စိုက်ပျိုးရေးသိပ္ပံ ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် မိဘမဲ့ကလေးများအား ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာ စိုးမင်းဦး၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးနှင့် ကျန်းမာရေးဝန်ထမ်းများသည် မိဘမဲ့ကလေး ၇၄ ဦးအား ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြသည်။ အဆိုပါ စိုက်ပျိုးရေးသိပ္ပံ ကယ်ဆယ်ရေးစခန်း၌ အလုပ်သင်ဆရာဝန် ၁၀ ဦးကလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကူညီ ဆောင်ရွက်ပေးလျက်ရှိကြသည်။

မြောင်းမြမြို့ တန် ၂၅၀ ဆန်စက် ကယ်ဆယ်ရေးစခန်း၌ ကလေး ၁၂၇ ဦးအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြပြီး ကျန်ရှိကလေးများအား ကာကွယ်ဆေးများဆက်လက်ထိုးနှံပေးလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဖြစ်သည့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်း ခြင်ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✧ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းများကောင်းမွန်လာရေး၊ သီးနှံအထွက်တိုးရန် ပေါင်းစပ်ရမည့် နည်းလမ်း(၄)သွယ်ဖြစ်သည့် စိုက်နည်းစနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုး သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော် မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးတို့ကို လိုက်နာကျင့်သုံးရေးနှင့် ရိတ်သိမ်းပြီး စပါးများ လေလွင့်မှု နည်းပါးစေရေးတို့ကို မှာကြားပြီး စပါးစိုက်တောင်သူများ၏ စပါးရိတ်သိမ်းနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိုးချဲ့စိုက်ပျိုးမည့် အရည်အသွေးကောင်း စပါးမျိုးစေ့ နမူနာများနှင့် ဆီထွက်သီးနှံမျိုးစေ့နမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ-မိုင်းခတ်လမ်း ဘေး ဝဲ၊ ယာရှိ မိုးစပါး ထွန်ယက်စိုက်ပျိုးနေမှုများ၊ ဆီထွက်သီးနှံစိုက်ခင်းများနှင့် စိမ်းလန်းစိုပြည်နေမှုများ၊ ကျိုင်းတုံ-မိုင်းခတ်လမ်း မိုင်တိုင်အမှတ်(၂၁)ရှိ ဝမ်တာပုံတံတား၌ ကွန်ကရစ်တိုင် တပ်ဆင်ပြီး ဆောက်လုပ်မည့်အခြေအနေနှင့် လက်ရှိ တံတား၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ-မိုင်းခတ် ကားလမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ မိုင်တိုင်အမှတ်(၂၄)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးသောင်းဌေးနှင့် ခရိုင်အင်ဂျင်နီယာမှူး ဦးခင်မောင်သိန်းတို့က ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း လမ်းပိုင်း၌ ပျမ်းမျှ(၃၄)ပေ အကျယ် လမ်းချဲ့မှု၊ လမ်းတစ်လျှောက်ရှိ တံတားများ ပြုပြင်ထိန်းသိမ်းတည်ဆောက်မှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း မိုင်တိုင်အမှတ်(၃၁)မိုင်တွင် စက်ယန္တရားကြီးများဖြင့် တောင်တက်လမ်းပြုပြင်နေမှု၊ မိုင်တိုင်အမှတ်(၃၉)မိုင်(၅)ဖာလုံတွင် ကျောက်ရိုးစီကမ်းကပ်ခုံ၊ အမြဲတမ်းတံတားသစ် တည်ဆောက်နေမှုအခြေအနေနှင့် လမ်းတစ်လျှောက် လမ်းတည်ဆောက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းခတ်မြို့သို့ ရောက်ရှိကြပြီး မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသား ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မိုင်းခတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးက မိုင်းခတ်မြို့နယ်၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝတ်စုံများ၊ မီးသတ်တပ်ဖွဲ့ဝတ်စုံများ၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ၊ မိုင်းခတ်မြို့နယ်အတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ မြို့နယ်အသင်း အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ နိုင်ငံတော်က မိုင်းခတ်မြို့နယ် ဖွံ့ဖြိုးရေးအတွက် မိုင်းခတ်၊ မိုင်းယန်းလမ်းပိုင်းကို ငွေကြေးမြောက်မြားစွာဖြင့် ဖောက်လုပ်ပေးရာ ဌာနဆိုင်ရာများနှင့် ဒေသခံများကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းခတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် ကွန်ပျူတာတစ်စုံကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးကျင်ရှိန်းမုန်က လက်ခံသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းရှိ ဆေးသိုလှောင်ခန်းများ၊ ခွဲစိတ်ဆောင်နှင့် လူနာဆောင်များကို လိုက်လံကြည့်ရှုစစ်ဆေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား ဆေးရုံဝင်းအတွင်း သန့်ရှင်းသပ်ရပ်မှုရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

မဟာသမယသုတ်ပါဠိတော်များ အသံလွှင့်ဟောကြားမည်

ရန်ကုန် ဇွန် ၁၁

၁၃၇၀ ပြည့်နှစ် နယုန်လပြည့်နေ့ (ဇွန် ၁၈ ရက်) (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် နိဂြောဓာရုံ ညောင်ပင်သာပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုတ အမှူးပြုသော ဆရာတော် ငါးပါးတို့က ငြိမ်းချမ်းသူတို့၏ ခိုမှီးရာ ပြည်ခေမာတရားတော်နှင့် မဟာသမယသုတ်ပါဠိတော်များကို အသံလွှင့် ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၁

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၉၄၅၈၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများနှင့် မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၇၅၈၂၀၅၀ တန်ဖိုးရှိ ငွေနှင့် ဆား ပိဿာ ၁၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၂၆၈သိန်းအပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၀၃၂၇၈၅၀ဖြစ်၍ ဇွန် ၁၁ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၂၁၇၇၃၂၄၀၆၀ ရှိပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ထွက်ခွာ

ရန်ကုန် ဇွန် ၁၁

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ ကူညီမှုဖြင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဦးဆောင်သော တိုင်းရင်းဆေးဆရာအဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် ပုသိမ်မြို့ ဆိပ်ခံဗောတံတားမှ တက်နေဝင်းထွန်း ဆေးရုံသင်္ဘောဖြင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ထွက်ခွာသွားကြသည်။ (အပေါ်ပုံ)

အဆိုပါ တိုင်းရင်းဆေးဆရာအဖွဲ့တွင် တိုင်းရင်းဆေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဦးဝထွန်း ဦးဆောင်၍ မြန်မာတိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ တိုင်းရင်းဆေးဆရာ ၁၅ဦးနှင့် ရန်ကုန်တိုင်းရင်းဆေးရုံအုပ် ဒေါက်တာသိန်းကျော်နှင့် ဆရာဝန် နှစ်ဦး အဖွဲ့ဝင်အဖြစ် ၁၇ ဦး ပါဝင်ပြီး တိုင်းရင်းဆေးဝါး ကျပ်သိန်း ၅၀၀ ဖိုးနှင့် လေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် ဆန်အိတ် ၁၀၀ကို ဆေးရုံသင်္ဘောတွင် တင်ဆောင်သွားသည်။ တိုင်းရင်းဆေးဆရာအဖွဲ့ ကွင်းဆင်းကုသရေးလုပ်ငန်းအတွက် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကူညီစီစဉ်ဆောင်ရွက်ပေးပြီး ပုသိမ်မြို့ကို အခြေပြုလျက် ငပုတောမြို့နယ်နှင့် ကျေးရွာပေါင်း ၂၀ ရွာသို့ လှည့်လည်၍ စက်လှေများ၊ လှေများ အသုံးပြုကာ လေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးနှင့် အနောက်တိုင်း ဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက် ကုသပေးသွားမည်ဖြစ်သည်။

အဆိုပါ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးကြမည့် တိုင်းရင်းဆေးဆရာအဖွဲ့အား တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွှန့်၊ တိုင်းရင်းဆေးဆရာအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးမောင်ညဏ်နှင့် တာဝန်ရှိသူများက ပုသိမ် ဆိပ်ခံဗောတံတားတွင် နှုတ်ဆက်အားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေးဗစ်ဗီလာ၏ ဟက်ထရစ်ဂိုးနှင့်အတူ ရုရှားကို ဂိုးပြတ်အနိုင်ယူသည့် စပိန်၏ ချန်ပီယံခြေစွမ်း

ဝင်းတင်(ကြေးမုံ)

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များမှ (ဃ)အုပ်စုရဲ့ ပထမပွဲစဉ်ကို ပြီးခဲ့တဲ့အင်္ဂါနေ့က ဩစတြီးယားနိုင်ငံရှိ အင်းစ်ဘရပ်ခ်ကွင်းမှာ ကျင်းပခဲ့ပါတယ်။ ဒီပွဲမှာ ချန်ပီယံဖြစ်ရန် ဒုတိယရေပန်းအစားဆုံးဖြစ်တဲ့ နာမည်ကြီး စပိန်ဟာ စိတ်ဓာတ်မာကျောလှတဲ့ ရုရှားကို ရာအူးလ်ရဲ့ ကျောနံပါတ်(၇)ကို ဆက်ခံခွင့်ရသူ ဗလန်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာရဲ့ ယူရို ၂၀၀၈ မှတ်တမ်းဝင် ဟက်ထရစ်ဂိုးနဲ့အတူ လေးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲမှာ ဒေးဗစ်ဗီလာက သုံးဂိုးဆက်တိုက်သွင်းယူခဲ့ပြီး ပွဲချိန် ၈၆မိနစ်မှာ ရုရှားအသင်းအတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကို ပေါလုချန်ကိုက သွင်းယူနိုင်ခဲ့ကာ နာကျင်အချိန်ပိုအရောက်မှာ ဖာဘရီဂက်စ်က စပိန်အတွက် နောက်ထပ်တစ်ဂိုးသွင်းယူခဲ့တာကြောင့် စပိန်တို့ ပွဲဦးထွက်မှာ ရုရှားကို ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

အုပ်စု(ဃ)ရဲ့ ဒုတိယပွဲစဉ်ဖြစ်တဲ့ လက်ရှိချန်ပီယံ ဂရိနဲ့ ဆွီဒင်တို့ရဲ့ ပွဲကို ဩစတြီးယားနိုင်ငံ ဆဲလ်ဘာ့ဂ်ကွင်းမှာ ကျင်းပခဲ့ပါတယ်။ ဒီပွဲစဉ်မှာ ခံစစ်အားကောင်းလှတဲ့ ယူရို ၂၀၀၄ ချန်ပီယံဂရိကို ဆွီဒင်က အနိုင်ယူနိုင်ခဲ့တာကြောင့် ဆွီဒင်တို့ရဲ့ ပွဲဦးထွက် မျက်နှာပန်းလှခဲ့ရပါတယ်။ ဆွီဒင်အတွက် ဂိုးတွေကိုတော့ ပွဲချိန် ၆၇မိနစ် အရောက်မှာ တန်ပြန်တိုက်စစ်ကတစ်ဆင့် အီဗရာဟီမိုဗစ်က သွင်းယူခဲ့ပြီး ဒုတိယဂိုးကိုတော့ ပွဲချိန် ၇၁မိနစ်မှာ ယွန်းဘတ် ဂိုးသမားနဲ့ တစ်ဦးချင်းအတွေ့မှာ အပိုင်ကန်သွင်းရာမှ ပြန်ထွက်လာတဲ့ဘောလုံးကို နောက်ခံလူ ဟန်ဆင်က အနီးကပ်ပိတ်သွင်းနိုင်ခဲ့တာကြောင့် ဆွီဒင်တို့ပွဲဦးထွက်မှာ လက်ရှိချန်ပီယံ ဂရိကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်ပြီး အဖိုးတန်ဆုံးသုံးမှတ်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ယနေ့ပွဲယှဉ်ပြိုင်ကစားအပြီးမှာ အုပ်စုလေးစုစလုံးရဲ့ အသင်းတိုင်းဟာ တစ်ပွဲစီ အသီးသီး ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုကစားခဲ့အပြီးမှာ အုပ်စု(က)က ပေါ်တူဂီနဲ့ချက်က သုံးမှတ်စီရရှိထားပြီး အိမ်ရှင်ဆွစ်ဇာလန်နဲ့တူရကီတို့ကတော့ တစ်မှတ်မှ မရရှိသေးပါဘူး။ အုပ်စု(ခ)မှာ ဂျာမနီနဲ့ ခရိုအေးရှားက သုံးမှတ်စီနဲ့ အိမ်ရှင်ဩစတြီးယားနဲ့ ပိုလန်တို့ နိုင်ပွဲမရှိသေးဘဲ ရှုံးပွဲကိုယ်စီကြုံတွေ့ခဲ့ရပါတယ်။အုပ်စု(ဂ)မှာ နယ်သာလန်က သုံးမှတ်၊ ပြင်သစ်နဲ့ ရိုးမေးနီးယားက တစ်မှတ်စီနဲ့ ၂၀၀၆ ကမ္ဘာ့ဖလားချန်ပီယံ အီတလီကတော့ အမှတ်မရရှိသေးပါဘူး။ အုပ်စု(ဃ)မှာ စပိန်နဲ့ ဆွီဒင်က သုံးမှတ်စီနဲ့ လက်ရှိချန်ပီယံ ဂရိနဲ့ရုရှားတို့ကတော့ အမှတ်ရဖို့ ဆက်လက်ရုန်းကန်ရဦးမှာပါ။ ယခုကျင်းပတဲ့ ယူရို ၂၀၀၈ ဟာ အိမ်ရှင်တွေ မျက်နှာပန်းလှဖို့ ခက်ခဲတဲ့ပွဲလို့ ဆိုရမလိုပင်ဖြစ်နေပါတယ်။

ယနေ့ ညတွင် အုပ်စု(ခ)မှ ခရိုအေးရှားနဲ့ ဂျာမနီ၊ ဩစတြီးယားနဲ့ ပိုလန်တို့ ဩစတြီးယားနိုင်ငံမှာ ဆက်လက်ယှဉ်ပြိုင် ကစားကြမှာဖြစ်ပါတယ်။ **(ပေါ်တူဂီက ချက်ကို ဒုတိယပွဲစဉ်မှာ ၃း၁ နဲ့ နိုင်သွားပါတယ်။)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားနေ့ ဝန်ကြီး ဦးညဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆာဂျီ၊ ဗွီ၊ လာဗရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီး ဦးညဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၀၈ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ အနှစ်(၁၁၀)ပြည့် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး အယ်လ်ဘာတို ဂျီရိုမြူလိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သံအမတ်ကြီး ဦးလှမြင့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၂

ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလှမြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၈ ခုနှစ် မေ ၂၉ ရက်တွင် ကင်ဘာရာမြို့၌ ဩစတြေးလျနေသဟာယနိုင်ငံ၏ ဘုရင်ခံချုပ် ဗိုလ်ချုပ်ဖိလစ် မိုက်ကယ်ဂျက်ဖရီထံ ပေးအပ်ပြီးဖြစ်သည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၆-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ကမ္ဘာကမ္ဘေအမိုက်အကန်းပျောက်"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅ - ၁း၅၅	နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	Midweek Sports News
၈း၄၀ - ၂း၄၀	Antioxidants & Your Health (အပိုင်း-၂) (ဒေါက်တာဝင်းထွန်း)
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	Yangon Panorama
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၅၀ - ၃း၅၀	Land of Flowers
၁၀း၃၅ - ၄း၃၅	မိုးလေဝသခန့်မှန်းချက်
၁၀း၄၀ - ၄း၄၀	Game Guide (Generals)
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဒါရိုက်တာ"
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	သွားမယ်စားမယ် (Monsoon Restaurant)
၁၂း၄၀ - ၆း၄၀	စားသုံးသူတို့လိုအပ်ချက် ရေတာရှည်သကြားစက်
၁၂း၅၅ - ၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

အမေရိကန်တပ်ဖွဲ့ရှိခြင်းသည် အီရတ်နိုင်ငံ၏ အဓိကပြဿနာဟု ခါမေနီပြောကြား

တီဟီရန် ဇွန် ၁၀

အီရတ်နိုင်ငံ ရင်ဆိုင်နေရသော အဓိကပြဿနာမှာ အမေရိကန်နှင့် နိုင်ငံခြားတပ်ဖွဲ့များရှိနေခြင်းဖြစ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာ အလီခါမေနီက အလည်အပတ်ရောက်ရှိနေသော အီရတ်ဝန်ကြီးချုပ် နူရီ အယ်လ်မာလီကီအား တနင်္လာနေ့တွင် ပြောကြားကြောင်း အီရန်နိုင်ငံပိုင် ရေဒီယိုက ထုတ်လွှင့်သွားသည်။

ကုလသမဂ္ဂက ခွင့်ပြုထားသော ကာလ ကုန်ဆုံးသည့် ဒီဇင်ဘာ ၃၁ ရက်နောက်ပိုင်း အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့များ ဆက်လက်တပ်စွဲရန် တရားဝင် စစ်အခြေစိုက်စခန်းတစ်ခု ခွင့်ပြုရေး သဘောတူညီချက် အသစ်တစ်ရပ်ကို အီရတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ဆွေးနွေးလျက်ရှိသည်။

အမေရိကန်နိုင်ငံသည် အမြဲတမ်းစစ်အခြေစိုက်စခန်းတစ်ခု ထားရှိရေး သဘောတူညီချက်ကိုအီရတ်တို့လက်ခံလာစေရန် ဖိအားပေး ကြိုးစားနေကြောင်းသတင်းဌာနများ၏ လှုံ့ဆော်ချက်များနှင့် အမေရိကန်-အီရတ် ဆွေးနွေးပွဲ လမ်းလွဲသွားစေရန် အီရန်နိုင်ငံက လုပ်ဆောင်နေကြောင်းအမေရိကန် တာဝန်ရှိသူများက စွပ်စွဲလိုက်သည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်ပြီးအမေရိကန်နှင့် အီရန်သည်ဆက်ဆံရေးတင်းမာလျက်ရှိသည်။ ၂၀၀၃ ခုနှစ် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ကျူးကျော်ပြီးနောက်ပိုင်းအီရတ်နိုင်ငံအတွင်း အကြမ်းဖက်မှုများဆင့်ကဲဆင့်ကဲ ဖြစ်လာခြင်းသည် အမေရိကန်တပ်ဖွဲ့များ ရှိနေသောကြောင့်ဖြစ်သည်ဟု အပြစ်တင်သည်။

အီရတ်နိုင်ငံ၏အရေးကြီးဆုံးသော ပြဿနာသည် ၎င်းနိုင်ငံအတွင်း နိုင်ငံခြားတပ်ဖွဲ့များ ရှိနေခြင်းဖြစ်သည်ဟု ခါမေနီက ပြောကြားသည်။

အမ်အင်အေ/ရိုက်တာ။

အမေရိကန်နိုင်ငံ ဝက်စ်ကွန်ဆင်ပြည်နယ် ဒယ်လ်တွန်ရေအိုင် အနီးတွင် မုန်တိုင်းတိုက်ပြီး မိုးကြီးရေလျှံသည့်အတွက်ပျက်စီးသွားသော အဆောက်အအုံ အချို့ကို ဇွန် ၁၀ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ စစ်သွေးကြွ ၂၀ သေဆုံး

ကဘူး ဇွန် ၁၀

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ပတ်ခ်တီရာပြည်နယ်တွင် တနင်္ဂနွေနေ့က ညလုံးပေါက် တိုက်ပွဲဖြစ်ပွားရာ နိုင်ငံစုံတပ်ဖွဲ့ ထောက်ခံသည့် အာဖဂန်တပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် တာလီဘန်သောင်းကျန်းသူ ၂၀ သေဆုံးကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

ယင်းတိုက်ပွဲဖြစ်ပွားမှုသည် ဂါဒီဆာရီခရိုင်နှင့်ဆာဝက်ခ်ခရိုင်အကြား၌ဖြစ်ပြီး တာလီဘန်တပ်မှူးမူလာခ်ျကူလမ်အပါအဝင်သောင်းကျန်းသူ ၂၀ သေဆုံးခဲ့သည်။ ***အမ်အင်အေ/ဆင်ဟွာ။***

အင်ဒိုနီးရှားက ပြည်တွင်းမီဒီယာဌာနများတွင် ပြည်ပကြော်ငြာထည့်သွင်းမှု ကန့်သတ်သည့်အမိန့်ထုတ်ပြန်

ဂျကာတာ ဇွန် ၁၀

အင်ဒိုနီးရှားနိုင်ငံ မီဒီယာသတင်းများတွင် ပြည်ပကြော်ငြာထည့်သွင်းမှု ကန့်သတ်သည့် ပူးတွဲအမိန့်တစ်ရပ်ကို အင်ဒိုနီးရှား ပြန်ကြားရေးနှင့် ခရီးသွားဝန်ကြီးဌာနတို့က ထုတ်ပြန်လိုက်ကြောင်း အင်တာရာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အဆိုပါ ပူးတွဲဥပဒေ ထုတ်သည့် ရည်ရွယ်ချက်မှာ ပြည်တွင်းကြော်ငြာလုပ်ငန်း ဖွံ့ဖြိုးမှုတိုးမြှင့်ရေးအတွက်ဖြစ်သည်ဟု ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီး မိုဟာမက်နူးက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါအမိန့်ကို ပြန်ကြားရေးဝန်ကြီး မိုဟာမက်နူးနှင့် ယဉ်ကျေးမှုနှင့် ခရီးသွားဝန်ကြီးတို့ မေ ၃၀ရက်တွင်လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ကြော်ငြာများကိုအင်ဒိုနီးရှားနိုင်ငံ၏ လူသားနှင့် သဘာဝအရင်းအမြစ်များကို ဥပဒေနှင့်အညီ ဖော်ဆောင်သွားမည်ဖြစ်သည်။

ယင်းအမိန့် ထုတ်ပြန်ရခြင်းသည် ပြည်တွင်းကြော်ငြာ ထုတ်လုပ်သည့် လုပ်ငန်းများ ပေါ်ထွန်းနိုင်မည့် အခွင့်အလမ်းဖြစ်သည်။ပြည်ပကျွမ်းကျင်သူတစ်ဦး ခန့်ထားပါက ကျွမ်းကျင်မှုလွှဲပြောင်းပေးရန်အတွက်ပြည်တွင်းမှ ဝန်ထမ်းသုံးဦးခန့်ထားပေးရန်ဖြစ်သည်ဟု ပြန်ကြားရေးဝန်ကြီးက ပြောကြားသည်။ ***အမ်အင်အေ/ဆင်ဟွာ။***

အင်ဒိုနီးရှား၌ ပျောက်ဆုံးနေသည့် ရေငုပ်သမားများ ရေပြင်တွင် မျောပါနေရာမှ ပြန်လည်တွေ့ရှိ

ဂျကာတာ ဇွန် ၁၀

အင်ဒိုနီးရှားနိုင်ငံ နုဆာတန်ဂါရာ ကျွန်း အနောက်ပိုင်း ဝေးလံသီခေါင်သောကျွန်းတွင် နှစ်ရက်တာ ပျောက်ဆုံးနေသောဥရောပရေငုပ်သမားငါးဦးကို ဒေသဆိုင်ရာ ငါးဖမ်းသမားများက တွေ့ရှိကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

ကြာသပတေးနေ့ နှောင်းပိုင်းက ပျောက်သွားခဲ့သည့်ရေငုပ်သမားငါးဦးကို ငါးဖမ်းသမားများက ရှာဖွေခဲ့ရာ ရင်ကာကျွန်းငယ်တောင်ပိုင်း ရေပြင်၌မျောပါနေသည်ကို တွေ့ရှိခဲ့သည်ဟု ရဲတပ်ဖွဲ့အရာရှိက ပြောကြားသည်။

အဆိုပါ ရေငုပ်သမားများသည် ရေငုပ်နေစဉ် ရေစီးပြင်းထန်မှုကြောင့် မျောပါသွားရခြင်းဖြစ်သည်ဟု ယူဆရသည်။ ၎င်းတို့ကို ကယ်ဆယ်ခဲ့ချိန်က အားလုံးမှာ အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိသော်လည်း ၎င်းတို့အနက်တစ်ဦးမှာရေဓာတ်ခန်းခြောက်နေသည်။

ဗြိတိန်နိုင်ငံသား သုံးဦး၊ ပြင်သစ်နိုင်ငံသားတစ်ဦးနှင့် ဆွီဒင်နိုင်ငံသားများ အပါအဝင် ရေငုပ်သမားများကို ဒေသဆိုင်ရာ ဆိပ်ကမ်းသို့ ခေါ်သွားသည်။ ၎င်းတို့သည် ကိုမိုဒိုအမျိုးသားဥယျာဉ်၌ ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။ ထိုဥယျာဉ်သည် သဘာဝသန္တာကျောက်တန်းအလှနှင့် ကိုမိုဒို နဂါးကဲ့သို့သောတွားသွားသတ္တဝါတို့ကျက်စားသဖြင့်လူသိများလှသည့်သဘာဝဥယျာဉ်ဖြစ်သည်။ ***အမ်အင်အေ/ဆင်ဟွာ။***

ဘုံဘေမြို့၌ မိုးသည်းထန် ငါးဦးသေဆုံး

ဘုံဘေ ဇွန် ၁၀

အိန္ဒိယနိုင်ငံ ဘုံဘေမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ရာအနည်းဆုံး ငါးဦးသေဆုံးပြီး လမ်းများပေါ်၌ ရေလွှမ်းခဲ့သည်။ သစ်ပင်ကြီးများ အမြစ်မှကျွတ်လဲ၍ အချို့အဆောက်အအုံများသို့ ရေများဝင်ရောက်ခဲ့သည်။

တနင်္ဂနွေနေ့တွင် အဆောက်အအုံများ၏ အစိတ်အပိုင်းအချို့ ပြိုကျပျက်စီးခဲ့ရာ နှစ်ဦး ဒဏ်ရာရ၍ သေဆုံးကြောင်း သတင်းစာက ရေးသားထားသည်။ အခြားသုံးဦးမှာ အဆောက်အအုံများပြိုကျ၍(သို့မဟုတ်) လျှပ်စစ်ဓာတ်လိုက်၍ သေဆုံးရကြောင်း ပီတီအိုင်သတင်းဌာနက ဖော်ပြသည်။

ဘုံဘေမြို့သို့ ပျံသန်းလာသော လေယာဉ် ၁၃ စင်းသည် အခြားမြို့များသို့ လမ်းကြောင်း ပြောင်းခဲ့ရပြီး အခြားသော ခရီးစဉ်များမှာလည်း တစ်နာရီခန့် နောက်ကျခဲ့ရသည်။

အမ်အင်အေ/ရိုက်တာ။

ကွမ်တုံပြည်နယ်၌ နှစ်၅၀အတွင်း အပြင်းထန်ဆုံး မိုးကြိုးမုန်တိုင်းကျရောက် မိုးကြီးရေလျှံမှုကြောင့် လူနှစ်သန်းထက်မနည်း ရေဘေးဒဏ်ကြုံနေရ

ပေကျင်း ဇွန် ၁၀

တရုတ်နိုင်ငံကွမ်တုံပြည်နယ်ဒေသအချို့တွင် လွန်ခဲ့သည့်နှစ်ရက်က နှစ် ၅၀ အတွင်း အပြင်းထန်ဆုံး မိုးကြိုးမုန်တိုင်းတိုက်ခတ်ပြီး မိုးကြီးရေလျှံမှုကြောင့် ကျောင်းသား တစ်ဦးထက်မနည်းသေဆုံးပြီး နေရာအများအပြား၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း ဒေသခံမီဒီယာက ဖော်ပြသည်။

ကွမ်တုံပြည်နယ် အနောက်ပိုင်း မော်မင်းဒေသတွင်စနေနေ့က ရေလျှံမှုဖြစ်ပွားခဲ့စဉ်ရေစီးနှင့်အတူမူလတန်းကျောင်းသားတစ်ဦး မျောပါသေဆုံးခဲ့သည်ဟု ဂွမ်ဆူးနေ့စဉ်သတင်းစာက ရေးသားသည်။

အခြားမူလတန်းကျောင်းသားတစ်ဦးနှင့် အထက်တန်းကျောင်းသားတစ်ဦးတို့လည်း ပျောက်ဆုံးနေသည်။

ဒေသခံပြည်သူ ၆၅၀၀ ကျော်ကို ၎င်းတို့၏နေအိမ်များမှ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်ဟုသတင်းစာက ရေးသားသည်။

ယင်းပြည်နယ်တွင်လွန်ခဲ့သည့်ရက်သတ္တနှစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အချို့ဒေသများတွင် မိုးရေ ချိန် ၁၅ ဒသမ ၇ လက်မ အထိရှိခဲ့သည်ဟုဆိုသည်။ ဆက်လက်၍ မိုးပိုမိုသည်းထန်စွာ ရွာနိုင်သည်ဟု ပြည်နယ်အစိုးရက ခန့်မှန်းထားသည်။

ယင်းဒေသတွင်နှစ်စဉ်နှစ်တိုင်းယခုအချိန်မျိုးတွင်မိုးသည်းထန်စွာရွာသွန်းလေ့ရှိသော်လည်း ယခုဖြစ်ရပ်မှာ ဆယ်စုနှစ်ငါးစုအတွင်း အဆိုးရွားဆုံးဟု မိုးလေဝသဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

တရုတ်နိုင်ငံ၌ ဇွန် ၁၁ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုဆက်လက်ဖြစ်ပွားရာ လူနှစ်သန်းထက်မနည်း ရေဘေးဒဏ်နှင့်ကြုံတွေ့ရပြီး ပျမ်းမျှခြင်း ယွမ် သန်း ၈၆၀ (အမေရိကန်ဒေါ်လာ ၁၂၄သန်း)ခန့်ဆုံးရှုံးခဲ့သည်။

စီကျန်ပြည်နယ်တွင် လူ၉၃၀၀၀၀ ကျော် ရေဘေးဒဏ်သင့်ခဲ့ပြီး ကောက်ပဲသီးနှံ ဟက်တာ ၇၀၀၀၀ ကျော် ရေလွှမ်းခဲ့သည်။

ကျန်ဇီပြည်နယ်တွင် လူ၉၂၀၀၀၀ ခန့် ရေဘေးဒဏ်သင့်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ/ရိုက်တာ/အင်တာနက်။

ရှားပါးကြွံ ခိုးသတ်သူကိုးဦး နီပေါတွင်ဖမ်းမိ

ခတ္တမန္ဒူ ဇွန် ၁၀

နီပေါနိုင်ငံဘာဒီယာယာအမျိုးသားဥယျာဉ်မှ ကြံ့များကိုသတ်ဖြတ်ရာတွင် ပါဝင်သောနီပေါကြည်းတပ်မှဝန်ထမ်းတစ်ဦးပါဝင်သည့်အမဲပစ်သမားကိုးဦးအား ဖမ်းဆီးရခဲ့ပြီဖြစ်ကြောင်း ဒီရိုက်စင်းနီပေါသတင်းစာက အင်္ဂါနေ့တွင် ဖော်ပြသည်။

ဖမ်းဆီးထားသော အမဲပစ်သမားအားလုံးသည် ကြံ့များကို သတ်ဖြတ်မှုတွင် ပါဝင်ကြောင်း သက်သေပြနိုင်ခဲ့သည်ဟု အမျိုးသားဥယျာဉ်ဌာနမှ တာဝန်ရှိသူများနှင့် သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ပြောကြားကြောင်း အဆိုပါနိုင်ငံပိုင် သတင်းစာက ရေးသားသည်။

သဘာဝတောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျန်ရှိနေသေးသော ကြံ့သတ်ဖြတ်သူများကို ရှာဖွေလျက်ရှိကြောင်း ပြောကြားသည်။

ခတ္တမန္ဒူ၏ အနောက်ဘက် ကီလိုမီတာ ၄၀၀ခန့်အကွာရှိ ဘာဒီယာယာ အမျိုးသားဥယျာဉ်တွင် လွန်ခဲ့သည့် ၁၀ လအတွင်း ကြံ့ ၁၁ ကောင် အသတ်ခံရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ/ဆင်ဟွာ။

အမေရိကန်၏ လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၁ဦးသေဆုံးရန်လို၍ သူရဲဘောကြောင်သောလုပ်ရပ်ဟု ပါကစ္စတန်က ပြစ်တင်ပြောကြား

အစ္စလာမ္မာဘတ် ဇွန် ၁၁

အမေရိကန်တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံနယ်စပ်ရှိ ပါကစ္စတန်တပ်ဖွဲ့ဝင် ၁၁ဦးသေဆုံးရခြင်းနှင့် ပတ်သက်၍ ရန်လိုသော လုပ်ရပ်၊ သူရဲဘောကြောင်သော လုပ်ရပ်ဖြစ်ကြောင်း ပါကစ္စတန်က ဗုဒ္ဓဟူးနေ့တွင် ပြစ်တင် ဝေဖန်ပြောကြားခဲ့သည်။

လေကြောင်းမှတိုက်ခိုက်

ဇွန် ၁၀ရက်နှောင်းပိုင်းက အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် ပူးပေါင်းတပ်ဖွဲ့များက ပါကစ္စတန်မှ စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်စဉ် အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်နှင့် မျက်နှာချင်းဆိုင်ရှိ မိုမန့်ဒေသ နယ်စပ်မှတ်တိုင်တစ်ခု၌ ၎င်းတို့ တပ်ဖွဲ့ဝင်များ သေဆုံးရကြောင်း ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

စုံစမ်းစစ်ဆေးနေ

လေကြောင်း တိုက်ခိုက်မှုများနှင့် ပတ်သက်၍ ပါကစ္စတန်နှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ဗုဒ္ဓဟူးနေ့တွင်အမေရိကန်စစ်ဘက်ကပြောကြားသည်။

ဝန်ကြီးချုပ် ယူဆော့ဖ်ရာဇာဂီလာနီကလည်း ယင်းသို့တိုက်ခိုက်မှုကို ပြစ်တင်ဝေဖန်ခဲ့သည်။

အာဖဂန်နစ္စတန် နိုင်ငံတွင်းသို့ စစ်သွေးကြွများဝင်ရောက်တိုက်ခိုက်ရာမှစတင်ပြီး အာဖဂန်ရှိ တပ်ဖွဲ့များက ပြန်လည်ပစ်ခတ်မှုကြောင့်ပါကစ္စတန်တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းသို့ပစ်ခတ်ရာတွင်လည်း စစ်သွေးကြွများကို ရည်ရွယ်၍ ပစ်ခတ်ခြင်းသာဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အင်တာနက်။

ဆူဒန်မြို့တော် ခါတွန်တွင် လေယာဉ်တစ်စင်းပျက်ကျ၊ ၂၀ပျောက်ဆုံးနေ

ခါတွန် ဇွန် ၁၀

ဆူဒန်နိုင်ငံ ခါတွန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အင်္ဂါနေ့ ညနေပိုင်းက လေယာဉ်တစ်စင်းပျက်ကျပြီး မီးလောင်ကျွမ်းခဲ့ရာ ခရီးသည် ၂၀ ခန့် ပျောက်ဆုံးနေပြီး အခြားခရီးသည်များနှင့် လေယာဉ်ဝန်ထမ်းအားလုံးကို ကယ်တင်နိုင်ခဲ့ကြောင်း ဆူဒန် အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ကြေညာသည်။

လေယာဉ်ပေါ်တွင် ခရီးသည်စုစုပေါင်း ၂၀၃ဦး လိုက်ပါလာပြီး ဝန်ထမ်း ၁၄ဦးအပါအဝင် ခရီးသည်အများစုမှာ မီးလောင်နေသည့် လေယာဉ်မှ ပြင်ပသို့ ထွက်နိုင်သော်လည်း ခရီးသည် ၂၀ မှာမူ ပျောက်ဆုံးနေသည်ဟု ဆူဒန်သယ်ယူပို့ဆောင်ရေး ဝန်ကြီး ဖိတ်မိုဟာမက်ဆိတ်က သတင်းထောက်များသို့ ပြောကြားသည်။ ယင်းဖြစ်ရပ်အပေါ် စုံစမ်းစစ်ဆေးရန် ပူးတွဲကော်မတီတစ်ရပ်ကို ရဲတပ်ဖွဲ့ နှင့် လေကြောင်းပျံသန်းရေး အာဏာပိုင်အဖွဲ့က ဖွဲ့စည်းထားကြောင်း ဆူဒန် ရဲတပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် မိုဟာမက်နာဂျစ်ဆိတ်က ပြောကြားသည်။

အင်တာနက်။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ဦးအောင်ခိုင်၊ ဒေါ်ကြည်တို့၏သား ကျွန်တော် မောင်မြင့်စန်း [၁၄/ဘကလ(နိုင်)၀၀၁၄၈၈] ဦးစီးမှူး (စီးပွား/ကူသန်း) နှင့် ဦးကျော်သိန်း၊ ဒေါ်ခင်ကြည်တို့၏ သမီး ကျွန်မ မခင်လေးမြင့် [၁၂/ကမတ(နိုင်)၀၃၄၈၈၆] Supervisor (Cosmetics Group) တို့သည် ၁၀-၆-၂၀၀၈ ရက်တွင် လူကြီးမိဘများ၏ သဘောတူခွင့်ပြုချက်အရ ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ရှေ့မှောက်၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

မောင်မြင့်စန်း-မခင်လေးမြင့်

ဆရာဦးမြမော် (BIO)

ဂုဏ်ထူးရှင်များ အားထားရာ ဇီ၀ဗေဒ အိမ်အရောက် (၁၀-တန်း) ဇီ၀ဗေဒ၊ ၄၁၊ ပင်လုံရိပ်မွန်၊ သယ်န်းကျွန်းမြို့နယ်။

ဖုန်း-၅၆၄၁၅၄

လေးဆူဓာတ်ပုံ ရွှေတိဂုံ စေတီတော်
သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းဆိုင်ရာ ကြော်ငြာ

ရွှေတိဂုံစေတီတော်၏ သာသနိက အဆောက်အအုံများဖြစ်သော အရံစေတီများ၊ တန်ဆောင်းများ၊ စောင်းတန်းများ၊ ဓာတ်လှေကားများ၊ မဟာရံတံတိုင်းများအား စနစ်တကျ ပြန်လည်ပြုပြင် မွမ်းမံလျက်ရှိပါသည်။ ဖော်ပြပါ သာသနိက အဆောက်အအုံများနှင့် ဆက်စပ်ပတ်သက်သော မူလအလှူရှင်၊ မွမ်းမံသူ အလှူရှင်များသည် ၂၀၀၈ ခုနှစ် ဇွန် ၃၀ ရက်နေ့ နောက်ဆုံးထား၍ ရွှေတိဂုံစေတီ ဂေါပကအဖွဲ့သို့ ဆက်သွယ်ပါရန် နှိုးဆော်တိုက်တွန်းပါသည်။ သတ်မှတ်ရက်အတွင်း ဂေါပကအဖွဲ့သို့ ဆက်သွယ်ခြင်းမရှိပါက ဂေါပကအဖွဲ့က သင့်တော်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဂေါပကအဖွဲ့ကိုယ်စား
(ဝင်းကြိုင်-ရုံးအဖွဲ့မှူး)

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဇွန် ၁၁

ယနေ့နံနက် ၉နာရီခွဲအထိမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ ကလေးမြို့တွင် ၃ ဒသမ ၀၄လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မော်လိုက်မြို့ တွင် ၂ ဒသမ ၀၁ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၄၅ လက်မ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ခန္တီးမြို့တွင် ၀ ဒသမ ၉၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့ နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသည့် လေဖိအား နည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

ဇွန် ၁၂ ရက် ညနေအထိ ခန့်မှန်းချက် ။ ။ မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ။ ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာ နိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်	၃၀ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်)	၁၀-၆-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်)	၁၁-၆-၂၀၀၈
၀၉း၃၀နာရီအချိန်	စိုထိုင်းဆ ၇၉ ရာခိုင်နှုန်း	၁၁-၆-၂၀၀၈
နေပူသည့် နာရီပေါင်း	၂ ဒသမ ၁ နာရီခန့်	၁၀-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၁-၆-၂၀၀၈	၁မမ(၀. ၀၄လက်မ)	မရှိပါ	မရှိပါ
၁-၁-၂၀၀၈မှ ယနေ့ထိ	**၈၈၃ မမ(၃၄ဒသမ၇၆လက်မ)**	**၁၀၄၃ မမ(၄၁ဒသမ၀၆ လက်မ)**	**၁၃၄၆ မမ(၅၂ဒသမ၉၉လက်မ)**

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၀-၆-၂၀၀၈ရက် ၁၈း၃၀ နာရီတွင် တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

ရှင်မြတ်နိုး ၏ ကလောင်ခွဲ
သင်္ဂြိုဟ်မြတ်နိုး
ချစ်သောချစ်သူလေးရယ်

စိုးမိုးစာပေ
ရွှေအဥ္ဇလီ
နှင်းဆီနက်နှင့်ညဆည်းဆာ

အမြန်ရောင်းမည်

သုဝဏ္ဏ လုံးချင်းတိုက်နှင့် ခြံကျယ်၊ ရေမီးစုံ၊ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။

Ph: - 09-50 34477

မီးသတိပြု

လေဘေးအလှူရှင်များအတွက်

20% off for others
အထည်ဆို မီကို

T-Shirt = 600 ks

MICO Garment
720526/ 09-5141086
09-6800559/ 09-9974209
၁၉၁၊ စက်မှု(၅)လမ်း၊ မေတ္တာညွန့်ဘူတာအနီး၊ တာမွေ။

အိမ်မိုးသွပ်ပြားများ ရောင်းရန်ရှိပါသည်

အမှန်တကယ်အသုံးပြုရန် လိုအပ်လျက်ရှိသောသူများအတွက် Thai နိုင်ငံမှ တင်သွင်းလာသော 6',7',8',9',10' Size အမိုးသွပ်ပြားများကို အနိမ့်ဆုံး ၁ ပေ လျှင် ၆၉၀ိ/-ကျပ်နှုန်းဖြင့် ရောင်းချပေးနေပါသည်။ တစ်ဆင့်ပြန်လည်ရောင်းချမည့်သူများအား ရောင်းပေးမည်မဟုတ်ပါ။

ဆက်သွယ်ရန်လိပ်စာ - **၁။ ဟိန်းကမ္ဘာကုမ္ပဏီလီမိတက်**
(စ/၆၄)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၆၈၆၄၀၀၊ ၀၉-၅၀၀၇၄၀၂
၂။ Home Plus Co.,Ltd.
အမှတ်-၂၈၅၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၀၃၂၇၈၊ ၅၁၆၉၀၀
၃။ ဦးစံမြအး
အဆောင်(၁၅)၊ အခန်း(၅)၊ ကျောက်စိမ်း(၇)လမ်း၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့၊ ဖုန်း -၆၄၄၄၄၈

အောင်ချမ်းမြေ့
ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း

အမှတ်- ၁၆၊ တတိယလွှာ၊ (ပွင့်ရွှေလင်းတာယာနှင့် အလွိုင်းဗိုး ရောင်းဝယ်ရေးဆိုင်အပေါ်ဆုံးထပ်) ဗိုလ်မိုးလမ်း၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၅၃၄၇၃၃၊ ၅၃၄၈၈၃
Open (AM -7:00 to PM - 9:00) ပိတ်ရက်မရှိပါ။

ပြည်တွင်း၊ ပြည်ပအတွေ့အကြုံရှိ ဝါရင့်နာမည်ကြီး ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုအုပ် (အငြိမ်းစား)များ ဦးစီး၍ နားလည်တတ်မြောက်အောင် အင်္ဂလိပ်+မြန်မာ နှစ်ဘာသာဖြင့် စာတွေ့၊ လက်တွေ့သရုပ်ပြသင်ကြားပေးသည်။နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန် အဓိက သင်ကြားပေးသည်။ ကျွမ်းကျင်သော သူနာပြုအကူဖြစ်အောင် သင်ပေးသည်။ ပြည်တွင်း ပြည်ပအလုပ်အကိုင်ရရှိရေး ကူညီမည်။ သင်တန်းဆင်းအောင်လက်မှတ် ထုတ်ပေးသည်။သန့်ရှင်းသော သင်တန်းခန်းများတွင် တစ်ယောက်ထိုင်ခုံဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိသည်။ လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်းသွင်းထားပါ။

June(၁၈)နေ့အထိ 50%Discount စာရွက်စာတမ်း အပြီးအစီး။

အပတ်စဉ်(၄၆၆) (၁)လပြတ် အထူးသင်တန်း
၁၇-၆-၂၀၀၇စမည်။ တနင်္လာနေ့မှ သောကြာနေ့အထိ
Section (1) 08:00 AM to 11: 30 AM (16)ဦး
Section (2) 09: 00 AM to 12: 30 PM (16)ဦး
Section (3) 01: 30 PM to 04:30 PM (16)ဦး

အပတ်စဉ်(၄၆၇) (၂)လပြတ် အထူးသင်တန်း
၁၉-၆-၂၀၀၇ စမည်။ ကြာသပတေးနှင့် သောကြာ

အပတ်စဉ်(၄၆၈) ၂၁-၆-၂၀၀၈ စမည်။ စနေနှင့် တနင်္ဂနွေ
Section (1) 08: 00 AM to 11:30 AM (16)ဦး
Section (2) 09: 00 AM to 12:30 PM (16)ဦး
Section (3) 01: 30 PM to 04: 30 PM (16)ဦး

အပတ်စဉ်(၄၆၉) (၃)လပြတ် အထူးသင်တန်း
၂၂-၆-၂၀၀၇ စမည်။ တနင်္ဂနွေ တစ်ရက်တည်းသာ။
Section (1) 08: 00 AM to 12: 30 PM (16)ဦး
Section (2) 01: 30 PM to 05: 30 PM (16)ဦး

အပတ်စဉ်(၄၇၀) (၂)ပတ်အပြီး ဂွတ်ရှယ် အထူးသင်တန်း
၂၃-၆-၂၀၀၇စမည်။ တနင်္လာ မှ သောကြာ အထိ
09: 00 AM to 04: 30 PM (16)ဦး

အပတ်စဉ်(၄၇၁) (၁)လပြတ် (ညပိုင်း အထူးသင်တန်း)
၂၃-၆-၂၀၀၇ စမည်။ တနင်္လာနေ့ မှ စနေနေ့ (နေ့စဉ်)
06: 00 PM to 08: 00 PM (16)ဦး

တက္ကသိုလ်ဝင်တန်းသင်ရိုးသစ် သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာ ပို့ချချက်များ
မြန်မြန်နဲ့ များများရချင်ရင်
ပန်းတိုင်
အမှတ် (၇) ပညာရေးမဂ္ဂဇင်း
ထွက်ပြီ
၂၀၀၈ ခုနှစ်၊ ဇူလိုင်လထုတ်
နှီးရာဆိုင်မှာမေးဝယ်ပါ။
အမှတ်-၂၅၂ (မြေညီထပ်)၊ ၃၉ လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၂၄၉၆၀၇၊ ၂၄၅၆၁၉၊ ၂၄၅၆၂၁။

အမည်မှန်ခေါ်ပါ

ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်၊ အမှတ်(၃၆၇) ဝေဘာဂီလမ်းမကြီးနေ အဖအမည် ဦးညိုစိမ့် (PKU၁၇၁၁၇၂)၏သားအ-ထ-က (၂) မြောက်ဥက္ကလာပ၊ ၂၀၀၅ ခုနှစ်၊ န၀မတန်း ခုံအမှတ် န-၃၃၇ ဖြင့် အောင်မြင်ခဲ့သော မောင်သက်ဇော်ဦး(ခ)မောင်တင်မောင်မြင့်ဟု ပြောင်းလဲခေါ်ပါရန် အသိပေးအပ်ပါသည်။

မောင်သက်ဇော်ဦး(ခ)မောင်တင်မောင်မြင့်

ကုမ္ပဏီဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ ကုမ္ပဏီ၏ ပြင်ပလုပ်ငန်းအတွက် ကျား-၃ဦး၊ ဆယ်တန်းအောင်၊ အသက် (၂၀-၃၀)အတွင်း။
၂။ ယာဉ်မောင်း-၃ဦး၊ လိုင်စင်သက်(၅)နှစ်အထက်၊ လုပ်ငန်းခွင်တွင် ညအိပ်နိုင်ရမည်။ ထမင်းကျွေး၊ စရိတ်ငြိမ်း။
၃။ အထွေထွေဝန်ထမ်း မ-၃ ဦး၊ အသက်(၃၀-၅၀) အတွင်း၊ မြန်မာစာရေး-ဖတ်တတ်ရမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ဤကြော်ငြာပါပြီး(၁၀)ရက်အတွင်း အခန်း-၁၀၂၊ တိုက်-ဘီ၊ အမှတ်-၂၁၂၊ ရွှေဂုံတိုင်လမ်း၊ ကမ္ဘောဇဘဏ်အနောက်ဘက်၊ ဗဟန်း၊

ရန်ကုန်။ဖုန်း-၀၉၅၁၄၂၇၇၃၊ ၅၅၂၈၄၉၊ ၅၅၄၃၀၇ သို့ အမြန်ဆက်သွယ်ပါ။

Gold Backed Travels &Tours Co.,Ltd.

ဦးထွန်းမြင့်အောင်(ခ)ကိုမောင်မောင်နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ အမှတ်(၁၇၃/က)ဟုခေါ်တွင်သည့် နေအိမ်နှင့်တည်ရှိရာမြေကွက်တို့နှင့် စပ်လျဉ်း၍ ဦးထွန်းမြင့်အောင် (ခ)ကိုမောင်မောင် အပေါ်တွင် ကျွန်ုပ်တို့၏အမှုသည် ဒေါ်ခင်အုန်းမြင့်က ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၀၂ တွင် တရားစွဲဆိုဆောင်ရွက်ထားပြီးဖြစ်သဖြင့် အမှုအတောအတွင်း ယင်းနေအိမ်နှင့် မြေကွက်တို့ကို တစ်နည်းနည်းဖြင့် ထုခွဲ၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်း မပြုကြပါရန် ဦးထွန်းမြင့်အောင် (ခ)ကိုမောင်မောင်နှင့် အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်အုန်းမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်	**ဦးသော်တာထွန်း**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**

ရုံး-အမှတ်-၉/၁၁၊ အခန်း-၃၀၁၊ ၃၆-လမ်း၊ ရန်ကုန်မြို့

အထူးတရားပွဲများကျင်းပ
လေဘေးသင့်သူများအားလှူဒါန်း

ရန်ကုန် ဇွန် ၁၁

လေဘေးဒဏ်ခံရသောဒေသများမှသံဃာတော်များနှင့်ပြည်သူများအား ထောက်ပံ့ လှူဒါန်းနိုင်ရန် ပဲခူးတိုင်း(အနောက်ပိုင်း) နတ်တလင်းမြို့၌ အရှင်ပညာဒီပ (စက်ခုံ)၊ အရှင်ဣန္ဒက (အရှေ့တံခွန်တိုင်)၊ အရှင်ပညာသာရ (ကျွန်းကုန်း)၊ အရှင် ခေမိန္ဒ (သာသနာ့ပါလ)နှင့် အရှင်တေဇ (သရက်တော) ဆရာတော်တို့က မေ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးည တိုင်တိုင် တရားပွဲများ ကျင်းပ၍ အလှူခံရရှိသည့်ငွေနှင့် အလှူပစ္စည်းမျိုးစုံကို ဇွန် ၁ရက်မှ ၄ရက်အထိ ဖျာပုံ၊ ဒေးဒရဲမြို့များမှ ကျေးရွာ ၂၁ရွာသို့ သံဃာတော်များ ကိုယ်တိုင် လက်ဝယ်အရောက်သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။